# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၅)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြား

## နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေး




ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၂/၂၀၁၈) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ( ၂ / ၂၀၁၈ ) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပခဲ့ရာ


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂**

ဩဂုတ် ၂ ရက် ည ၇ နာရီအချိန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်တွင် ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။


*စာမျက်နှာ ၅ ကော်လံ ၅* ●




## ရေဘေးသင့်ပြည်သူများကို ဝိုင်းဝန်းကူညီသွားကြပါစို့


*ဆောင်းပါး- စာ -၁၀*


## အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများကို တူရကီက တုံ့ပြန်မှုများ ပြုလုပ်သွားမည်


*နိုင်ငံတကာသတင်း - စာ -၁၄*



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ကို နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဤ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ သည် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိနေပြီဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၁၉၁၄ အား ဖျက်သိမ်းအစားထိုးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ က ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် စတင်အာဏာတည်သက်ရောက်ပြီ ဖြစ်ပါသည်။ ဤကဲ့သို့ စတင်အာဏာတည်သက်ရောက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ဦးဆောင်ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ သည် စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအား ဆောင်ကြဉ်းပေးမည့် ဥပဒေဆိုင်ရာပြောင်းလဲမှုတစ်ခုဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားသကဲ့သို့ ကုမ္ပဏီများအနေဖြင့် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်အား လက်တွေ့ကျင့်သုံးနိုင်တော့မည်ဆိုသည့်အချက်ကိုလည်း အသိပေးတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၌ ထည့်သွင်း ရေးဆွဲထားသည့် အပြောင်းအလဲတို့သည် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန်လမ်းဖွင့်ပေးထားသည်ဖြစ်၍ သက်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဤအခွင့်အလမ်းများကို အမိအရ ဖမ်းဆုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤမြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ သည် မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီတို့၏ စီမံခန့်ခွဲပုံအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြောင်းလဲဖြစ်ပေါ်လာရေးကို ဖန်တီးဖော်ဆောင်ပေးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ၏ သိသာထင်ရှားသော အပြောင်းအလဲတစ်ရပ်မှာ နိုင်ငံခြားကုမ္ပဏီအဖြစ်သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဖျက်သိမ်းလိုက်ပြီဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၁၉၁၄ ၌ နိုင်ငံခြားသားပိုင်ဆိုင်မှု ၁ ရာခိုင်နှုန်းရှိရုံမျှဖြင့် နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ယခုပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ပြည်တွင်းကုမ္ပဏီဟူသော ဥပဒေသတ်မှတ်ချက်၌ နိုင်ငံခြားသားတို့၏ ပိုင်ဆိုင်မှုကို ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုထားပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်တွင်းကုမ္ပဏီတို့သည် မိမိတို့၏ ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းလျက် တစ်ပြိုင်တည်းမှာပင် မိမိတို့၏ စွမ်းဆောင်ရည်အား မြှင့်တင်နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို လက်ခံရယူနိုင်တော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၏ တခြားသောအရေးပါသည့် အပြောင်းအလဲတစ်ရပ်မှာ ကုမ္ပဏီဒါရိုက်တာများအပါအဝင် ကုမ္ပဏီတာဝန်ရှိ ပုဂ္ဂိုလ်တို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့ကို အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်၍ မြန်မာ့ကုမ္ပဏီတို့၏ "တာဝန်ယူမှု၊ တာဝန်ခံမှု" ကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ပါသည်။ အထက်၌ တင်ပြထားသော အပြောင်းအလဲနှစ်ရပ်ကို ကြည့်ရုံမျှဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ က မြန်မာ့စီးပွားရေးကဏ္ဍ၏ လိုအပ်ချက်တို့အား ထင်ဟပ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။ သို့ဖြစ်ပါ၍ သက်ဝင်ရှင်သန်လာပြီဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရေကြည်၌ တောင်သူလယ်သမားများအား ငွေထုတ်ချေး

**ရေကြည် ဩဂုတ် ၂**

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကုန်းတက်ကျေးရွာ၌ ယမန်နေ့က အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ သတ်မှတ်စည်းကမ်းနှင့် ညီသော လယ်သမား ရှစ်ဦးပိုင်ဆိုင်သော စပါးစိုက် ဧက ၁၀၀ အတွက် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျငွေအတွက် တစ်ဧက ကျပ်နှစ်သိန်းနှုန်းဖြင့် ထုတ်ချေးခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**




# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားပညာရေးဥပဒေနှင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေတို့နှင့် စပ်လျဉ်းသည့် သုံးသပ်ဆွေးနွေးခြင်း ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဂျပန် - မြန်မာ နှစ်နိုင်ငံ ဥပဒေရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တရားရေး ဒုတိယဝန်ကြီး Mr. Takashi Yamashita နှင့်အဖွဲ့အား ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများအပါအဝင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများ ရေးဆွဲခြင်းတို့၌ ပံ့ပိုးကူညီဆောင်ရွက်မည့်အစီအစဉ်များ၊ ဂျပန်နိုင်ငံတွင်ကျင်းပမည့် ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံနှင့် လူငယ်ဖိုရမ်များ၌ အတွေ့အကြုံများဖလှယ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပညာတော်သင်များ ဆက်လက်စေလွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မကွေးဆေးရုံကြီးဝင်းအတွင်း၌ သုံးထပ်အဆောက်အအုံ ဆောက်လုပ်မည်

**မကွေး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ သားဖွား မီးယပ်နှင့် မွေးကင်းစ ကလေးငယ်များအတွက် ဂျပန်နိုင်ငံ JICA မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈သန်းတန် သုံးထပ်အဆောက်အအုံသစ်တစ်လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် JICA မှ ကိုယ်စားလှယ် မစ္စတာ အီဝါအီက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

AI ဆောက်လုပ်ရေးကုမ္ပဏီက ပြည်သူ့ဆေးရုံကြီးအတွက် အထွေထွေ ရန်ပုံငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပန္နက်တင်မင်္ဂလာ ဆောင်ရွက်ပေးခဲ့သည်။

အဆောက်အအုံသစ်ကို ယခုမှစ၍ ဆောက်လုပ်သွားမည်ဖြစ်ကာ ၂၂ လအတွင်း အပြီးဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှာ ခုတင်၂၀၀ ဆံ့ ဆေးရုံဟု အမည်ပေါက်သော်လည်း တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှ နေ့စဉ်အတွင်းလူနာ ၅၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည့်အတွက် နေရာ၊ ရေနှင့် ဆေးဝါးပစ္စည်းလိုအပ်ချက်များ ဖြစ်ပေါ်နေမှုအပေါ် ယခုဆောက်လုပ်မည့် အဆောက်အအုံသစ်က ဖြေလျှော့မှုများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

❖ *ရှေ့စုံးမှ*

အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များအရ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် SME Agency အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး အဆိုပါအဖွဲ့သုံးဖွဲ့အနေဖြင့် ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဒေသဆိုင်ရာ SME Agency အဖွဲ့များကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

**စိတ်အားတက်ကြွစွာပူးပေါင်း**

အဆိုပါအဖွဲ့အသီးသီးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ စိတ်အားတက်ကြွစွာပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာအားရဖြစ်ရပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises - MSMEs) ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးပြီး အမှန်တကယ်လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးမည်ဆိုပါက MSMEs များ၏ ယှဉ်ပြိုင်နိုင်စွမ်းအားများ အမှန်ပင်တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

ဒေသဆိုင်ရာ SME အေဂျင်စီအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းပြီးဖြစ်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသခြောက်ခုတွင် ဖွဲ့စည်းရန်ကျန်ရှိနေသဖြင့် အမြန်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

**ဈေးကွက်ချိတ်ဆက်**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့တွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍လည်းကောင်း၊ မကွေးမြို့တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍လည်းကောင်း၊ ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့်လည်းကောင်း၊ တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ပူးပေါင်း၍လည်းကောင်း ဒေသထုတ်ကုန်များ ပြပွဲပြိုင်ပွဲကျင်းပခဲ့ရာ (၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလှည့်ကျ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အတွက် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး၊ MSMEs များကို ထိရောက်စွာ ပံ့ပိုးကူညီနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

**လက်တွေ့ကွင်းဆင်းလေ့လာ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုလတွင်ကျင်းပမည့် MSMEs ဒေသတွင်းထုတ်ကုန် ပြပွဲနှင့်ပြိုင်ပွဲတွင် ပုဂ္ဂလိကဘဏ်များဖိတ်ကြားရန် စီစဉ်ထားပြီး အဆိုပါဘဏ်များအနေဖြင့် ဒေသတွင်း MSMEs များ၏ အခြေအနေကို လက်တွေ့ကွင်းဆင်းလေ့လာပြီး အောင်မြင်တိုးတက်ရန် အလားအလာရှိသည့် လုပ်ငန်းများကို ငွေချေးပေးနိုင်ရေး စီမံထားသည်ကို သိရှိရပါကြောင်း။

**ထုတ်ကုန်များ ပြသ**

SME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် Business Start-up များ (လုပ်ငန်းစတင်သူများ)၊ Traditional SME (မိရိုးဖလာလုပ်ငန်း) များကို အားကောင်းသည့် SME များ ဖြစ်ပေါ်လာရေးအတွက် ပံ့ပိုးရမည်ဖြစ်ပြီး ပြိုင်ပွဲဆုရ MSMEs များနှင့် အလားအလာရှိသည့် MSMEs များကိုလည်း ကမ္ဘာ့ဈေးကွက်တွင် ဝင်ရောက်နိုင်ရန်အတွက် ကောင်းမွန်သည့် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆုရရှိသည့် MSMEs များကို အတုယူစေခြင်း၊ အားနည်းနေသည့် MSMEs များ ကြိုးစားလိုစိတ်ဖြစ်ပေါ်လာစေခြင်းတို့အတွက် ပြည်တွင်း Supermarket များ၊ ဒေသတွင်း အရောင်းခန်းမများ၌ နေရာစီစဉ်ပြီး ရောင်းချခွင့်ပေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသအလိုက် အားပေးမြှင့်တင်ခြင်းဖြင့် ကျေးလက်ဒေသတွင်အငယ်စား၊ အသေးစားလုပ်ငန်းများ များပြားလာမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် 'Made in Myanmar' ထုတ်ကုန်များကို လေဆိပ်များ၊ ကားဂိတ်များ၊ ထင်ရှားသည့်နေရာများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် Supermarket များ၌ ကောင်တာများ ဖွင့်လှစ်ရောင်းချနိုင်ရေးကို မိမိဒေသ၏ အခြေခံအဆောက်အအုံအခြေအနေအရ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း အစည်းအဝေးပွဲကြီးများနှင့် ပွဲလမ်းသဘင်များ၌ ၎င်းနိုင်ငံ၏ MSMEs ထုတ်ကုန်များအား ပြသသည်ကို တွေ့ရပါကြောင်း။

**ယုံကြည်လက်ခံရန်အားနည်းနေ**

မြန်မာနိုင်ငံရှိ MSMEs များ၏ ၆၅ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်များကို Value Added ပြုလုပ်ပြီး စားသောက်ကုန်များအဖြစ် ဆောင်ရွက်နေသည်ကိုတွေ့ရပါကြောင်း၊ MSMEs များ၏ ထုတ်ကုန်များကို စနစ်တကျစစ်ဆေးမည့် စမ်းသပ်ကိရိယာများ မရှိသည့်အပြင် FDA လက်မှတ်မရှိကြသည့်အတွက် ဈေးကွက်က ယုံကြည်လက်ခံရန်အားနည်းနေသည်ကို တွေ့ရသဖြင့် ဝန်ကြီးဌာနများတွင်ရှိသည့် Laboratory Test Center များတွင် စစ်ဆေးခွင့်ပေးခြင်း၊ ထုတ်ကုန်အရည်အသွေးပြည့်မီမှု Certificate ထုတ်ပေးခြင်းနှင့် SME Logo တရားဝင်ထုတ်ပေးပြီး အသုံးပြုစေခြင်း နည်းလမ်းများကို လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ထည့်သွင်းစဉ်းစားစေလိုပါကြောင်း၊ သို့မှသာ နိုင်ငံတကာက အသိအမှတ်ပြု MSMEs များဖြစ်လာပြီး စားသုံးသူများ၏ ယုံကြည်မှုရရှိလာမည်ဖြစ်ကာ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပါကြောင်း။

**အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရန်စီစဉ်**

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဆဋ္ဌမအကြိမ်မြောက် အာဆီယံအငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေး၊ ASEAN + 3 အစည်းအဝေး၊ ဂျပန်နှင့် Financial Symposium အလုပ်ရုံဆွေးနွေးပွဲ၊ OECD အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် အခြားဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်ထားပါကြောင်း။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသာမက ဂျပန်၊ ကိုရီးယား၊ ဂျာမနီနိုင်ငံနှင့် အမေရိကန် (USAID) တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (UNIDO) နှင့် ဂျာမနီ GIZ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဟု သိရှိရပါကြောင်း။

**ရလဒ်များကို ဖော်ထုတ်**

OECD နှင့် ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအသီးသီးမှ MSMEs များကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပံ့ပိုးပေးခဲ့သည့် အခြေအနေများကို Criteria (စံသတ်မှတ်ချက်) ရှစ်ခုဖြင့် တိုင်းတာပြီး ရလဒ်များကို ဖော်ထုတ်ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေး ကျင်းပသည့်ရက်အတွင်း အရည်အသွေး ပြည့်မီကောင်းမွန်သော 'Made in Myanmar' ထုတ်ကုန်များကို ပြသနိုင်ရေး၊ ဆုရ MSMEs လုပ်ငန်းရှင်များနှင့် ဆုမရသော်လည်း အလားအလာရှိသည့် ပြိုင်ပွဲဝင် MSMEs လုပ်ငန်းအချို့ကို အာဆီယံဒေသတွင်းသာမက နိုင်ငံတကာမှလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆွေးနွေးပွဲ (One-to-One Business Meeting) များ ပါဝင်နိုင်ရေးနှင့် Trade Show များ၌ ပါဝင်ပြသနိုင်ရေး စသည့် အခွင့်အလမ်းများရရှိစေရန် အာဆီယံဒေသတွင်း အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME ) မှတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း။

**တီထွင်ဆန်းသစ်**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် Action Plan များရေးဆွဲကာ အဆိုပါ Action Plan များကို Target ထား၍ ဒေသတွင်း MSMEs များကို ထိထိရောက်ရောက် ပံ့ပိုးပေးရန်လိုပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် တီထွင်ဆန်းသစ်ရေးစသည့်အချက်များ တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများနှင့် ဖြေလျှော့ပေးသင့်သည့် အချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နည်းပညာနှင့် ချေးငွေလိုအပ်ချက်နှင့် ဒေသအလိုက် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အခွင့်အလမ်းများ တည်ရှိနေမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် စက်မှုဝန်ကြီးဌာန မြေညီထပ်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက လာရောက်ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက လာရောက်ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၁၁၄ သိန်း ၂ သောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်တစ်ရက်စာ စုပေါင်းလှူဒါန်းငွေကျပ် ၈၅ သိန်း ၈ သောင်း စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းစဉ်။** သတင်းစဉ်





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဇိုယာမာမိုတိုအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဇိုယာမာမိုတိုနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ညှိနှိုင်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အလုပ်သင်အလုပ်သမားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်မွေးမှုပညာသင် ကျောင်းများ တည်ဆောက်ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဇိုယာမာမိုတိုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂) ပါ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းနည်းလမ်းများ၊ စီမံကိန်းများရေးဆွဲခြင်းသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ပါ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းနည်းလမ်းများ၊ စီမံကိန်းများ ရေးဆွဲခြင်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၃ ခုနှစ် ကတည်းက စတင်ပြီး မဟာဗျူဟာစီမံကိန်းကို ချမှတ်ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း ယခု ၂၀၁၈ ခုနှစ်ကတည်းက စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများကို ချပြအကြံဉာဏ်များ ရယူပြီး ရေးဆွဲပါကြောင်း။

မဟာဗျူဟာစီမံကိန်းပါ ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအားလုံးက မိမိတို့ သက်ဆိုင်ရာကဏ္ဍတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင်လည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်နေမှသာ အချိန်မီပြီးစီးမှု ရှိ၊ မရှိနှင့် အကောင်အထည်ဖော်ခြင်း အကျိုးဆက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ခေါင်းစဉ် လုပ်ငန်းစဉ်အလိုက် တာဝန်ယူဆောင်ရွက်ကြသူများနှင့် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများသည် အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း(Cooperation and Coordination) နည်းလမ်းဖြင့် ဆောင်ရွက်လျှင် အောင်မြင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် အများပြည်သူ မျှော်လင့်ထားသော လွတ်လပ်၍ တရားမျှတမှုရှိခြင်း၊ အများယုံကြည်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပြည်သူ့ဆန္ဒနှင့် ကိုက်ညီသည့် ရလဒ်များရရှိမည်ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်း၏ ကဏ္ဍတစ်ခုချင်းစီအလိုက် အရေးကြီးသကဲ့သို့ ကဏ္ဍအားလုံးတွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သော ခေါင်းစဉ် ၁၁ ခုသည် ရွေးကောက်ပွဲစက်ဝန်းတွင် ပါရှိသည့် ကာလ သုံးခုလုံးအတွက် ပံ့ပိုးအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ IFES အဖွဲ့မှ Deputy Country Director ဖြစ်သူ Ms. Pascaline Krone က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်များကိုလည်းကောင်း၊ Director, M&E and Survey Research ဖြစ်သူ Mr. Rakesh Sharma က လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် သင်တန်းသားများက အဖွဲ့ငါးဖွဲ့ခွဲ၍ မဟာဗျူဟာစီမံကိန်း ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။



ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး ဩဂုတ် ၂ ရက်နှင့် ၃ ရက် နှစ်ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၃ ဦး၏ တစ်ရက်စာ နေ့တွက်စရိတ်လှူဒါန်းငွေကျပ် ၄၄ သိန်း ၄ သောင်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၄၄ သိန်း ၄ သောင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းစဉ်။** သတင်းစဉ်

# ဂျပန်-မြန်မာ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဇိုယာမာမိုတိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး အသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဇိုယာမာမိုတိုနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်၊ ထွက်ဂိတ်များ ဩဂုတ် ၈ ရက်တွင် ဖွင့်မည်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့် ကူးလူးဆက်သွယ်သွားလာနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များအပြင် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်၊ ထွက်ဂိတ်များအဖြစ် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း၊ ထီးခီး-ဖူနာရွန် စသည့် နယ်စပ်ဝင်၊ ထွက်ဂိတ်များလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပခရီးသွားများ လွယ်ကူအဆင်ပြေစွာ ဝင်၊ ထွက် သွားလာလျက်ရှိသည်။

မေ ၁၁ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီး မစ္စဆူရှ မာဆွာရာဂျ်တို့သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ရာ စာချုပ်လက်မှတ်ရေးထိုးအပြီး ရက်ပေါင်း ၉၀ အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ဂိတ်များ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား တမူး-မိုရေးနှင့် ရိခေါဒါရ်-ဇိုခေါသာတို့အား နှစ်နိုင်ငံအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များအဖြစ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယင်း နယ်စပ်ဝင်၊ ထွက်ဂိတ်များ ဖွင့်လှစ်ပြီးပါက သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှထုတ်ပေးသည့် ပြည်ဝင်ဗီဇာနှင့် e-Visa ပါရှိသော မြန်မာနိုင်ငံသားများသည် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ သက်ဆိုင်ရာနိုင်ငံ၏ မြန်မာနိုင်ငံသံရုံးမှ ထုတ်ပေးသည့် ပြည်ဝင်ဗီဇာ (သို့မဟုတ်) e-Visa ပါရှိသည့် အိန္ဒိယနိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသားမဟုတ်သည့် အခြားနိုင်ငံခြားသား(တတိယနိုင်ငံသား)များသည် မြန်မာနိုင်ငံသို့ လည်းကောင်း ဝင်၊ ထွက်သွားလာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများအနေဖြင့် မည်သည့်အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များမှမဆို ပြည်ပသို့ ပြန်လည်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် အိန္ဒိယနိုင်ငံသားများအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါအပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက်များတည်ရှိရာ နယ်စပ်ဒေသ၌ နေထိုင်သူ မြန်မာနှင့် အိန္ဒိယနိုင်ငံသားများသည် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Borderpass) ဖြင့် နယ်စပ်မျဉ်းမှ ၁၆ ကီလိုမီတာအကွာအဝေးအထိ ဝင်၊ ထွက်ခွင့်ပြုမည်ဖြစ်ပြီး တစ်ကြိမ် ဝင်၊ ထွက်ခွင့်အတွက် ၁၃ ညအိပ် ၁၄ ရက် ခွင့်ပြုမည်ဖြစ်သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များဖြစ်သည့် တမူး-မိုရေးနှင့် ရိခေါဒါရ်-ဇိုခေါသာ နယ်စပ်ဂိတ်နှစ်ခုအား ဩဂုတ် ၈ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန Website ဖြစ်သည့် www.mip.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ရှေ့ဖုံးမှ*

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့အလင်း**

## အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ အကြံပြုချက်

**နေပြည်တော် ဩဂုတ် ၂**

မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဩဂုတ် ၂

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က ရှင်းလင်းဖြေကြားကြသည်။**

အစည်းအဝေးတွင် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ **တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပေါင်းစပ်၍ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများကို အကျဉ်းမျှတင်ပြလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ပေါ်၊ မြေပြန့်ဒေသအသီးသီးတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း။

## လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းမီဒီယာများ၏ အခန်းကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဒေသအသီးသီးတွင် လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် အပါအဝင်ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ကြိုတင်စိစစ်သည့် ဆင်ဆာစနစ် (Pre-Publication Censorship) ဖျက်သိမ်းပြီးနောက်ပိုင်း ပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယခင်က ပြည်ပနှင့်နယ်စပ်ဒေသများတွင် အခြေချခဲ့သည့် တိုင်းရင်းမီဒီယာအများစုအပါအဝင် မီဒီယာများသည် ပြည်တွင်းသို့ ဝင်ရောက်အခြေပြုလာခဲ့ကြပါကြောင်း။

တိုင်းရင်းသားမီဒီယာအချို့စုပေါင်း၍ နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့(Burma News International-BNI) ကို အဖွဲ့ဝင် ၁၁ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၁၃ ဦး ရှိသည်ဟု သိရပါကြောင်း၊ BNI အဖွဲ့ဝင်မဖြစ်သေးသည့် တိုင်းရင်းမီဒီယာအများအပြား ရှိနေသေးကြောင်းကိုလည်း သိရှိရပါကြောင်း၊ BNI အဖွဲ့မှ ဦးစီးပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တိုင်းရင်းမီဒီယာညီလာခံ စုစုပေါင်း (၆)ကြိမ်ကို နှစ်စဉ်ပြည်နယ်အသီးသီးတွင် ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းအားပေးမှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းများသည် တိုင်းရင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေကြောင်းကို တွေ့ရှိရပါကြောင်း။

## ပြန်ကြားရေးဝန်ကြီးဌာန၏ တိုင်းရင်းမီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ တိုင်းရင်းမီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ မျက်မှောက်ကာလတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား၏ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ တိုင်းရင်းသားဘာသာ ၁၁ ဘာသာ(ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုင်းကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်)တို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထုတ်လွှင့်ချိန် တစ်သမတ်တည်း မဖြစ်စေရေးအတွက် လေးလတစ်ကြိမ် အက္ခရာစဉ်လိုက် ပြောင်းလဲထုတ်လွှင့်ပေးလျက် ရှိပါကြောင်း၊ အလားတူ မြန်မာ့အသံ(ရေဒီယို)တွင် တိုင်းရင်းသားရေဒီယိုအစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၇ ဘာသာ(ရှမ်း၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရခိုင်၊ 'ဝ'၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု၊ ကချင်၊ ဂေဘား၊ မွန်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ စကောကရင်၊ ကယား၊ ကယန်း၊ ဂေခို)ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရောင်စုံစာမျက်နှာ လေးမျက်နှာဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းထုတ်ဝေဖြန့်ချိပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားကဏ္ဍ(ကချင်ဘာသာ) အချပ်ပိုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်မှစ၍ တစ်ပတ်တစ်ကြိမ် စနေနေ့တိုင်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ပုံနှိပ်ထုတ်ဝေ၍ ကချင်ပြည်နယ်အတွင်း ဖြန့်ချိလျက်ရှိပါကြောင်း၊ တိုင်းရင်းသားကဏ္ဍ(မြန်မာဘာသာ)ကို ကြေးမုံသတင်းစာအတွင်း၌ပင် ၂၀၁၇ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်းထုတ်ဝေ၍ အချပ်ပိုအဖြစ်ညှပ်ကာ ဖြန့်ချိလျက်ရှိပါကြောင်း။

ထိုနည်းတူစွာ ရှိုပြည်ရခိုင်ပုံရိပ်(ရခိုင်ဘာသာ) အချပ်ပိုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစ၍ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် ပုံနှိပ်ထုတ်ဝေကာ ရခိုင်ပြည်နယ်အတွင်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖြန့်ဝေလျက်ရှိပါကြောင်း၊ ရခိုင်ရွှေမြေအထူးကဏ္ဍ(မြန်မာဘာသာ)ကိုလည်း ၂၀၁၇ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင်ပင် ပုံနှိပ်ကာ အပတ်စဉ် ကြာသပတေးနေ့တိုင်း ရခိုင်ပြည်နယ်အတွင်း ဖြန့်ဝေလျက်ရှိပါကြောင်း။

## တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍတွင် မီဒီယာနှင့် ပတ်သက်သည့် ဖော်ထုတ်ရရှိချက် ၉ ချက် ရရှိခဲ့

တစ်ဆက်တည်းတွင် ယခုအစိုးရလက်ထက်တွင် စတင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုကို အကျဉ်းမျှ တင်ပြလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍနှင့် တိုင်းရင်းသား သယံဇာတ ခွဲဝေအသုံးချမှုကဏ္ဍတို့နှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း၊ ယင်းဖိုရမ်တွင် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍတွင် မီဒီယာနှင့်ပတ်သက်သည့် ဖော်ထုတ်ရရှိချက် ၉ ချက် ရရှိခဲ့ပြီး တိုင်းရင်းသားမီဒီယာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး အချက်သည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း (ကောလိပ်) ဖွင့်လှစ်နိုင်ပါက သင့်မြတ်ကောင်းမွန်မှုရှိသည်ကို ဖြေကြားထားပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေး အရေးပါပုံကို ကောင်းစွာအသိအမှတ်ပြုသော်လည်း တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်)ဖွင့်လှစ်ပေးရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးကြောင်းကို ဖြေကြားလိုပါကြောင်း၊ တိုင်းရင်းသား သတင်းမီဒီယာကောလိပ် ဖွင့်လှစ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခြင်းထက် လက်ရှိတွင် သတင်းစာ အတတ်ပညာသင်ကြားပို့ချလျက်ရှိသည့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်ကောင်းမွန်မည် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တွင် သတင်းအတတ်ပညာဌာန (Journalism Department) စနစ်တကျ ဖွင့်လှစ်ထားပြီး လေးနှစ်ကြာ သင်ရိုးညွှန်းတမ်းများကို ယူနက်စကို၏ ပံ့ပိုးမှုဖြင့် နိုင်ငံတကာအဆင့်မီ ရေးဆွဲသင်ကြားပေးလျက်ရှိပြီး သင်တန်းအောင်မြင်သူများကို B.A(Journalism) ဘွဲ့ကို ချီးမြှင့်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ရန်ကိစ္စကို ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အကောင်အထည်ဖော်ရန် သင့်တော်ပါကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအဆင့်ဆင့်မှ ဘဏ္ဍာငွေ အရအသုံးကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရေးဆွဲဆောင်ရွက်ခဲ့

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်း၏ **၂၀၁၇- ၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲများတွင် မည်သည့်ငွေစာရင်းခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း၊ နောင်တွင်ကျင်းပမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ပွဲများတွင် အဆင်ပြေစွာ ကျင်းပဆောင်ရွက်သွားနိုင်ရန် ဘဏ္ဍာငွေစာရင်းခေါင်းစဉ်သီးသန့် ခွဲဝေ ချမှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများကိုလည်း ချီးမြှင့်ထောက်ပံ့ငွေ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** သိလိုခြင်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ၂၀၁၇-၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက် ရက်စွဲဖြင့် ညွှန်ကြားချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်မှုအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၏ ဘဏ္ဍာငွေ အရအသုံးကိစ္စရပ်များကို ပြည်ထောင်စုဘဏ္ဍာငွေ အစီအစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအဆင့်ဆင့်မှ ဘဏ္ဍာငွေအရအသုံးကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေအား ၇၀၀၀၀ ကျပ်နှုန်းဖြင့် စရိတ်ချီးမြှင့်ငွေခေါင်းစဉ်အောက်မှ လည်းကောင်း၊ အုပ်ချုပ်ရေးမှူးရုံးတစ်ရုံး၏ ရုံးအသုံးစရိတ်ကို ကျပ် ၅၀၀၀၀ နှုန်းဖြင့် ပစ္စည်းလုပ်အားခခေါင်းစဉ်အောက်မှ လည်းကောင်း ချီးမြှင့်ထောက်ပံ့ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့် ကုန်ကျစရိတ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၂၉ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အလိုက် လစဉ်ပုံမှန်ခွဲဝေချထားပေးသည့် ငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲနိုင်ပါကြောင်း၊ အဆိုပါ ငွေစာရင်း ခေါင်းစဉ်အောက်တွင်ရှိသည့် ငွေစာရင်းခေါင်းစဉ်ကွဲများမှာ



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရှင်းလင်းဖြေကြားစဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ရှင်းလင်းဖြေကြားစဉ်။

လုပ်အားခ၊ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ၊ ရုံးအသုံးအဆောင်၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ လျှပ်စစ်ဓာတ်အားခ၊ စာအုပ်စာနယ်ဇင်း သတင်းစာ၊ ပုံနှိပ်ခ စသည်တို့ ဖြစ်ပါကြောင်း။

ထို့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲများ အဆင်ပြေစွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းအပိုဒ် ၅၅၊ အပိုဒ်ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးသည့် ဌာန၊ အဖွဲ့အစည်းများ၏ အသစ်ဖြစ်သော အသုံးစရိတ်များ ကျခံနိုင်ရန်လိုငွေကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ အခြားငွေစာရင်းခေါင်းစဉ် တစ်ခုခုအောက်ရှိ ပိုလျှံငွေမှ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေလွှဲပြောင်း သုံးစွဲနိုင်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန် ဘဏ္ဍာရေးရန်ပုံငွေ တင်ပြတောင်းခံမှု မပြုလုပ်မီ ကြိုတင်သိရှိရပါက ငွေလုံးငွေရင်း အသုံးစရိတ်တွင် ထည့်သွင်းတင်ပြတောင်းခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေတွင် ကျေးရွာတာဝန်ခံများအား ချီးမြှင့်ထောက်ပံ့ငွေသတ်မှတ်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်ခြင်း မရှိပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ပွဲများတွင် ကျခံသုံးစွဲရမည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ကျခံသုံးစွဲလျက်ရှိသဖြင့် သီးသန့်ငွေစာရင်းခေါင်းစဉ် သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေတွင် ကျေးရွာတာဝန်ခံများအား ချီးမြှင့်ထောက်ပံ့ငွေသတ်မှတ်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းနှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

## ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ရုံးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ရည်ရွယ်ချက် ၄ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

ထို့နောက် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်က **အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား အပြန်အလှန် ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်မှစ၍ စတင်ဖွင့်လှစ်သည်ကို သိရှိရပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ရုံးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ရည်ရွယ်ချက် ၄ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ဒီမိုကရေစီကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် အမှန်တကယ် အရေးကြီးဆုံးသည် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှုတို့ ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ယုံကြည်မှုကိုရရှိရန်အတွက် အစိုးရဌာနအဖွဲ့အစည်းများက ပြည်သူကို မည်သည့်ဝန်ဆောင်မှုများ ပေးနိုင်သနည်းဆိုသည့် အချက်သည် အရေးကြီးပါကြောင်း၊ ပြည်သူကလည်း အစိုးရနှင့် အတူတူ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကိုလည်း မှန်မှန်ကန်ကန် ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ One Stop ဆိုသည်မှာ တစ်ခါတည်း၊ တစ်ထိုင်တည်း ဝန်ဆောင်မှုရယူရန် သက်သက်သာမဟုတ်ဘဲ တစ်နေရာတည်းဖြစ်စေ၊ တစ်ထိုင်တည်းဖြစ်စေ၊ ပြန်လည်ချိန်းဆိုသည့်နေ့ရက်တွင်ဖြစ်စေ ပြည်သူ့ဝန်ဆောင်မှုရုံးကို ပြန်လာပြီး ဝန်ဆောင်မှုရယူသည်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြ၍ လွှတ်တော်က သဘောတူအတည်ပြု

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ပွင့်လင်းသောအစိုးရအဖွဲ့ဝင် (Open Government Partnership) ဖြစ်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအဖွဲ့မှ ကမ်းလှမ်းချက်အရ ပွင့်လင်းသော အစိုးရမဟာမိတ် (Open Government Partnership – OGP) သို့ ဝင်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလက်ရှိ အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် OGP အဖွဲ့ဝင်ဖြစ်ရေး ဦးတည်ဆောင်ရွက်နေခြင်း မဟုတ်သော်လည်း လက်ရှိအစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများသည် OGP စံသတ်မှတ်ချက်များဖြင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

## ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် လွှင့်တင်ထားရှိ

ဘဏ္ဍာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုပါက ဘဏ္ဍာရေးနှစ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်း၊ နိုင်ငံတကာမှ အကူအညီများ ရယူရာတွင် ပွင့်လင်းမြင်သာမှုရှိရေးအစီအစဉ် (International Aid Transparency Initiative – IATI) အဖွဲ့ဝင်အဖြစ် လက်ရှိဆောင်ရွက်လျက်ရှိခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ပေးအပ်နေသည့် အကူအညီများကို ပွင့်လင်းမြင်သာစွာ ရယူနိုင်ရန် Aid Information Management System အား အသုံးပြုလျက် Website တည်ထောင်ထားရှိခြင်း၊ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် လွှင့်တင်ထားရှိခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးကဏ္ဍနှင့် နိုင်ငံတော်၏ အခွန်ငွေစီးဆင်းမှု ပွင့်လင်းမြင်သာရှိစေရေးအတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် EITI အစီရင်ခံစာများကို တင်သွင်းခဲ့ပြီး Myanmar EITI Website နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တို့မှ ထုတ်ပြန်ကြေညာခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

Access to Information နှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်သံလိုင်းများဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာ ၁၇ ဘာသာဖြင့်လည်း ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ နေ့စဉ် သတင်းစာ မြန်မာဘာသာ နှစ်စောင်၊ အင်္ဂလိပ်ဘာသာ တစ်စောင် ထုတ်ဝေလျက်ရှိပါကြောင်း၊ MOI Web portal Myanmar Facebook, Website (Myanmar, English) MOI Blog, MOI Twitter တို့ကို ဖွင့်လှစ်ထားရှိပြီး Myanmar Digital News ကိုလည်း News Portal မှ ထုတ်လွှင့်လျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ (Right to Information Law) ဥပဒေမူကြမ်းကို ၁၁ ကြိမ် ဆွေးနွေးပြီး အခန်း ၁၄ ခန်း၊ ပုဒ်မ ၆၈ ခုဖြင့် ရေးဆွဲကာ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပုဂ္ဂလိကပိုင်မီဒီယာများအနေဖြင့် သတင်းစာ ၄၆ စောင်၊ ဂျာနယ် ၅၄၂စောင်၊ မဂ္ဂဇင်း ၄၄၄ အုပ်၊ သတင်းအေဂျင်စီလုပ်ငန်း ၁၀၇ ခုတို့ကို ခွင့်ပြုထားခဲ့ပြီး ဈေးကွက်တွင် သတင်းစာ ၂၆ စောင်၊ ဂျာနယ် ၂၁၉ စောင်နှင့် မဂ္ဂဇင်း ၂၁၀ အုပ် ထုတ်ဝေလျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိအစိုးရအနေဖြင့် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့ကို နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းကာ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဦးစားပေးစီမံကိန်းသတ်မှတ်ရေး၊ ဝန်ဆောင်မှု အဆင်ပြေရန် ICT အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုအစီအမံများ ပြည့်စုံရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ရက်တွင် ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၈ ခုနှစ် မေလ ၈ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထုတ်ပြန်ချက်တွင် နိုင်ငံတော်သမ္မတသည် မိမိဦးစီး တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ဆိုင်မှုပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးခင်မောင်တင်



ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း

အလားတူ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ယခင်ခန့်အပ်ခဲ့သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ထပ်မံခန့်အပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုတန်ဖိုးများကို စာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Sector Coordination Group – SCGs)များတွင် NGO, INGO နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများတွင်လည်း ကဏ္ဍအလိုက်တင်သွင်းနိုင်ရန် တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုနှင့် ပါဝင်သင့် ပါဝင်ထိုက်သည့် ကိုယ်စားလှယ်များ ပါဝင်သည့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီတွင် စီမံကိန်းလုပ်ငန်းအဖွဲ့များကို အရပ်ဘက်ကျွမ်းကျင်သူပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းခဲ့ပြီး စေတနာ့လုပ်အားပေး ၃၅၁ ဦးက ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် UNCEDAW ကော်မတီကို လေးနှစ် တစ်ကြိမ် အစီရင်ခံစာတင်ပြနိုင်ရန်၊ အသိပေးချက်များ ဆောင်ရွက်ရန်၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ၏လုပ်ငန်းစီမံချက် ၂၀၁၆ - ၂၀၂၀ အား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ Sustainable Development Goals (SDGs)တွင် ပါဝင်သော Gender Issues များကို အကောင်အထည်ဖော်ပြီး အမျိုးသမီးများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အပြည့်အဝဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ယခုအချိန်တွင် မြန်မာနိုင်ငံသည် OGP အဖွဲ့ဝင် မဟုတ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် OGP စံသတ်မှတ်ချက်များနှင့် ကိုက်ညီသောလုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ ပေါ်လွင်နေပါကြောင်း၊ လက်ရှိအစိုးရထံ အာဏာလွှဲပြောင်းခြင်းမပြုမီ ယခင်အစိုးရအနေဖြင့် ပွင့်လင်းသောအစိုးရအဖွဲ့ဝင်(Open Government Partnership)ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပျက်ပြယ်ခြင်းမရှိသည့် ကိစ္စများကို ဆက်လက်ဆောင်ရွက်သင့်က ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ပယ်ဖျက်ပြီး၊ ဖျက်သိမ်းပြီး၊ ပျက်ပြယ်ပြီးဖြစ်သည့် ကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုသည်မှာ မဖြစ်နိုင်ပါသဖြင့် OGP အဖွဲ့သို့ ဝင်ရောက်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

## ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၄၈ ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဆည်သုံးတန်ကျေးရွာ အခြေခံပညာ မူလတန်း (လွန်) ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲပေါင်း လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲပေါင်း ၁၁ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းပေါင်း သုံးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲပေါင်း လေးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၈ ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် ယခုတင်ပြထားသည့် ကျောင်းကိုလည်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦးက အဆိုပါ ဥပဒေတွင် အခန်းပေါင်း ၁၈ ခန်းနှင့် ပုဒ်မပေါင်း ၇၂ ခု ပါဝင်ပါကြောင်း၊ တိုင်းရင်းဆေးပညာဆိုသည်မှာ ကောင်စီအသိအမှတ်ပြုသည့် ဘွဲ့၊ ဒီပလိုမာ ရရှိသူဆိုသည့် တိုင်းရင်းဆေးဆရာများနှင့် ပုဒ်မ ၁၅ (စ) တွင် ဖော်ပြထားသည့် တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဟူ၍ နှစ်မျိုးတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဆိုသည့် နေရာတွင် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အခန်း(၁)တွင် ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုရန် အကြံပြုလိုပါကြောင်း။

မူလအဆိုပြုချက်တွင် အများပြည်သူ ယုံကြည်လေးစားသည့် ပညာရှင် ၂ ဦး ဆိုသည့်ပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါကြောင်း၊ ပယ်ဖျက်ရန် မလိုအပ်ဟု ယူဆပါကြောင်း၊ အဆိုပါနေရာတွင် အများပြည်သူ ယုံကြည်လေးစားသည့် ဥပဒေပညာရှင် ၂ ဦးဟူ၍ ထည့်သွင်းသင့်ပါကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည့် ကျော်စောထင်ရှားပြီး တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်သည် ယေဘုယျဆန်သည်ဟု ယူဆပါကြောင်း။

တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်းကဏ္ဍတွင် ကောင်စီက သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသူ ၊ ပြည့်မီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရသူဟူ၍ ဆွေးနွေးခဲ့သည့် ပုဒ်မများတွင် ပါဝင်သည့် ပုဂ္ဂိုလ်များကို တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ရန်အတွက် ယေဘုယျ သတ်မှတ်ချက်ဖြင့် မဖော်ပြသင့်ပါကြောင်း၊ ရေရာတိကျသည့် ပြဋ္ဌာန်းချက်မျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးရာတွင်လည်း ဆွေးနွေးခဲ့သည့် ပုဒ်မများတွင် ပါဝင်သည့် ပုဂ္ဂိုလ်များကို အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကနဦး ထုတ်ပေးရန် မသင့်လျော်ပါကြောင်း၊ တိုင်းရင်းဆေးအစွမ်းပြခဲ့ကြသည်မှာ မြန်မာ့ဆေးပညာ အမှန်တကယ် တတ်ကျွမ်းပြီး ထိုးထွင်းကြံစည် ဆုံးဖြတ်နိုင်သည့် ဉာဏ်စွမ်းများကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါဉာဏ်စွမ်းများကို ပညာရပ်ဆိုင်ရာဖြင့်သာ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ကောင်စီ၏ လုပ်ပိုင်ခွင့်များဆိုသည့် ပြဋ္ဌာန်းချက်အောက်တွင် ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းလုပ်ပိုင်ခွင့်များကို ထည့်သွင်းသင့်သည်ကို အကြံပြုတင်ပြလိုပါကြောင်း၊ မူလဥပဒေကြမ်းတွင် မပါဝင်ဘဲ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ဖြည့်စွက်ထားသည့် အပိုဒ် - ၁၄ (စ)ကို ပြန်လည်ပယ်ဖျက်သင့်ပါကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းကို သတ်မှတ်ခြင်းဆိုသည့်အချက်ကို ဖြည့်စွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် အခန်း(၁၁)တွင် လိုင်စင်ထုတ်ပေးနိုင်သည့် အရည်အချင်းသတ်မှတ်ချက်များကို ရှင်းလင်းစွာ တိတိကျကျပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မလိုအပ်ခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် အထူးဆေးကုသခွင့်လိုင်စင်ကို ပြည်တွင်း တိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့ရနှင့် ပြည်ပဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်ဝသူများကို ထုတ်ပေးသည်ဟု ဖွင့်ဆိုဖော်ပြထားပါကြောင်း၊ အထူးဆေးကုသခွင့်လိုင်စင်ထက် တစ်ဆင့်နိမ့်သည့် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ပြည်ပဆေးပညာဘွဲ့ရသည့် နိုင်ငံတကာတိုင်းရင်းဆေးဆရာကို ထုတ်ပေးသည်ဟု ဖွင့်ဆိုထားပါကြောင်း၊ ပြည်ပမှ ဆေးပညာဘွဲ့ရရှိသူကို အဆင့်နိမ့်သည့် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်သာပေး၍ ဒီပလိုမာသာ ရရှိသည့်သူကို အထူးဆေးကုသခွင့်လိုင်စင် ရရှိနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းကို ပြန်လည်စိစစ်သတ်မှတ်ရန် လိုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်မှ နိုင်ငံတကာဆေးပညာဆိုသည့် စကားရပ်ကို ပြည်ပတိုင်းရင်းဆေးပညာဟူ၍ ပြင်ဆင်ထားသည်မှာ မဆီလျော်ပါကြောင်း၊ ဥပဒေတွင်လည်း နိုင်ငံတကာတိုင်းရင်းဆေးပညာဆိုသည်မှာ အကြိမ်ကြိမ်ပါနေပြီး ဖြစ်သည့်အတွက် နိုင်ငံတကာဟူ၍ သုံးသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)ကလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ဒုတိယဝန်ကြီး
ဦးအောင်ထူး


ဒုတိယဝန်ကြီး
ဦးကျော်လင်း


ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်


ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိမ်း


သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု
ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နီလာကျော်

◆ *ကျောဖုံးမှ*

ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

**လည်ပတ်နေသည့် စက်ရုံ ၅၂ ရုံထိရှိနေ**

၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်တွင် ဇုန် A သည် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးလုနီးပါးရှိပြီဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဇုန် B ကို ဆက်လက်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလာကြသည့် ကုမ္ပဏီစုစုပေါင်း ၉၇ ခုထိရှိနေပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၉၁ ဒသမ ၉၀ သန်းရှိပါကြောင်း၊ လက်ရှိလည်ပတ်နေသည့် စက်ရုံ ၅၂ ရုံထိ ရှိနေပြီဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထားဝယ်နှင့် ကျောက်ဖြူဇုန်များအနေဖြင့် တိုးတက်မှု နှေးကွေးနေသေးသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်သည့်တိုးတက်မှုတစ်ခု ရရှိလာရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**တိုးတက်မှုရှိလာမည်ဟု ယုံကြည်**

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူအောင်မြင်ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုနိုင်သည့် စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် Framework Agreement လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုရှိလာမည်ဟု ယုံကြည်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံသည် (Special Purpose Vehicle-SPV)တွင် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီမံကိန်း မြန်မြန်ပြီးလျှင် မြန်မြန်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် ကနဦးစီမံကိန်းအပါအဝင် ပင်မစီမံကိန်းကိုပါ အလျင်အမြန် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအကောင်အထည်ဖော်နေဆဲ အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ရာ ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်း**

ယင်းနောက် ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နီလာကျော်က သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းက ထားဝယ်-ထီးခီး နှစ်လမ်းသွား ကားလမ်းတည်ဆောက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ အမှာစာတင်ပြချက်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိမ်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ ဒေါက်တာမြင့်ဆန်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

**မျှတမှုရှိရန် ချင့်ချိန်ဆောင်ရွက်**

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် မျှတမှုရှိရန် ချင့်ချိန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲနေရန် လိုအပ်**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မြန်မာ-ထိုင်း-ဂျပန် သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လက်ရှိစာချုပ်များနှင့် MoU များကို ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို လေ့လာအကြံပြုပေးစေလိုပါကြောင်း၊ ကနဦးစီမံကိန်းတွင် မြန်မာ-ထိုင်း အစိုးရချင်း ပူးပေါင်းဆောင်ရွက်မည့် ထားဝယ် -ထီးခီးလမ်း ဖောက်လုပ်ရေးစီမံကိန်း အမြန်ဆုံးဖြစ်မြောက်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သီလဝါဇုန်နှင့်ပတ်သက်၍ လက်ရှိအောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားကြရမည်ဖြစ်ပါကြောင်း၊ မြေယာဆိုင်ရာ တင်ပြမှုများကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းကြရမည် ဖြစ်ပါကြောင်း၊ သီလဝါဇုန်သည် ထပ်မံတည်ထောင်ရန် ရည်ရွယ်ထားသည့် အထူးစီးပွားရေးဇုန်အားလုံးအတွက် စံပြပုံစံတစ်ခုဖြစ်သည့်အတွက် ကျင့်သုံးသည့် စနစ်များကို ကမ္ဘာ့အဆင့်မီတိုးတက်အောင် အမြဲလေ့လာပြုပြင်ပြောင်းလဲနေရန် လိုအပ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အတိုင်းအတာတစ်ခုထိ တိုးတက်လာစေပြီး ပြည်သူများလက်တွေ့အကျိုးခံစားရစေရေးနှင့် မျှော်လင့်ချက်များ ရှင်သန်လာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

*ပြည်သူ့လွှတ်တော်အစည်းအဝေး မှ*

ပြည်သူများသည် မိမိအတွက် လိုအပ်သည့် ဝန်ဆောင်မှုတစ်ခုခုကို OS Service တစ်နေရာတည်း(တစ်ခုတည်း)မှ ရမည်ဆိုလျှင် ယင်းနေရာတွင် ဝန်ဆောင်မှုတစ်ခုအတွက် ထိုက်သင့်သည့် အချိန်ကာလတစ်ခု သတ်မှတ်ထားမည်ဆိုလျှင် ပို၍ သင့်တော်ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ အစိုးရဌာနအဖွဲ့များ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်း၊ အစိုးရနှင့် ပြည်သူများ အပြန်အလှန်ယုံကြည်မှု မြင့်တက်စေခြင်း၊ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

## မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆိုများကို ဥပဒေကြမ်းကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ရွှေကျင်မြစ်ရေကျဆင်းလာမှုကြောင့် ရွှေကျင်-ရန်ကုန်ကားများ ပြန်လည်ပြေးဆွဲ

**ရွှေကျင် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရွှေကျင်မြစ်ရေနှင့်စစ်တောင်းမြစ်ရေတို့ ကျဆင်းလာမှုကြောင့် ရွှေကျင်မြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသော ဝင်းရတနာကားလိုင်းနှင့် ရွှေနတ်တောင်ကားလိုင်းတို့ ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေတို့သည် ယနေ့နံနက်၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေ၏ စိုးရိမ်ရေမှတ်သည် ၇၀၀ စင်တီမီတာမှ ၇၁၀ စင်တီမီတာနှင့် စစ်တောင်းမြစ်ရေ၏ စိုးရိမ်ရေမှတ်သည် ၁၀၇၀ စင်တီမီတာမှ ၁၂၂၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများ စိုးရိမ်ရေမှတ်ကျော်လွန်နေပြီး ကားလမ်းပေါ်တွင် မြစ်ရေ နှစ်ပေခွဲခန့် ရှိနေသော်လည်း လိုင်းကားများ ပြန်လည်ပြေးဆွဲနိုင်သည်အထိ မြစ်ရေများ ကျဆင်းလာမှုကြောင့် ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် လိုင်းကားများ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



## တမူးခရိုင် မြို့သစ်မြို့ မင်းသာကျေးရွာအထွက်ရှိ နန့်တီဆင်းတံတား ကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်း ရေတိုက်စားခံရ

**မြို့သစ် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ မင်းသာကျေးရွာအထွက်၌ တည်ရှိသော နန့်တီဆင်းတံတားသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးသည်းထန်မှုကြောင့် ကမ်းကပ်ခုံ၊ ရေကာနံရံနှင့် ချဉ်းကပ်လမ်း ခုနစ်ပေခန့် ရေတိုက်စားခံခဲ့ရကြောင်း သိရသည်။

တမူးခရိုင် မြို့သစ်မြို့တွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးသည်းထန်မှုကြောင့် တမူး-စေတီလမ်း မိုင်တိုင်အမှတ် ၁၈/၀ နှင့် ၁၈/၁ အကြား အရှည်ပေ ၁၆၀ အကျယ် ၁၂ ပေခွဲရှိ သံကူကွန်ကရစ် အုတ်မြစ်ချဘေလီသစ်သားတံတား အမျိုးအစား နန့်တီဆင်းတံတားသည်စေတီဘက်ခြမ်း မြောက်ဘက်ကမ်းကပ်ခုံ၊ ရေကာနံရံနှင့် ချဉ်းကပ်လမ်း ခုနစ်ပေခန့် ရေတိုက်စားခံရပြီး ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် မြို့သစ်မြို့လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မျောတိုင်ရိုက်ခြင်း၊ တိုင်ကာပြီး မြေဖို့ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားသည် တမူးမြို့၊ မြို့သစ်မြို့နှင့် ဟုမ္မလင်းမြို့နယ်များသို့ ဆက်သွယ်သွားလာရာတွင် ပြည်သူများအားထားရသည့် တမူး-စေတီလမ်းပေါ်ရှိ အရေးပါသော တံတားတစ်စင်းဖြစ်သည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

❂ *ကျောဖုံးမှ*

တော့ရာ အားကုန်ထုတ်ကစားခဲ့သည်။

အုပ်စုတွင်းအားအနည်းဆုံးဖြစ်သည့် ဖိလစ်ပိုင်အသင်းသည် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့် မျှော်လင့်ချက် ပြန်လည်ရှင်သန်လာသည်။

မြန်မာ ယူ-၁၆ အသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ ၂ မိနစ်မှာပင် နောင်နောင်စိုးက အဖွင့်ဂိုးသွင်းယူခဲ့သည်။စောစီးစွာဂိုးရခဲ့သောကြောင့် မြန်မာ ယူ-၁၆ အသင်းသည် ဖိလစ်ပိုင်အသင်းဘက်သို့ ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး ၂၅ မိနစ်တွင် အောင်ကိုဦး၊ ၂၉ မိနစ်တွင် နောင်နောင်စိုး၊ ၃၄ မိနစ်တွင် ဇော်ဝင်းသိန်းတို့က ဂိုးများထပ်သွင်းခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက လေးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာ ယူ-၁၆ အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီးအနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် ဂိုးများကို ၄၆ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၅၃ မိနစ်တွင် ခွန်ကျော်ဇောဟိန်း၊ ၇၇ မိနစ်တွင် ဝေယံစိုးတို့က သွင်းယူသည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲအပြီးတွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရထားပြီး ဩဂုတ် ၄ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရေဘေးသင့်ပြည်သူများကို ဝိုင်းဝန်းကူညီသွားကြပါစို့

မောင်စိန်အိ (နဘဲမြေ)

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်(၂၀၁၈ခုနှစ်)သည် ဝါထပ်သော နှစ်ပင်ဖြစ်သည်။ ဝါထပ်သောနှစ်များတွင် မုတ်သုံလေအားကောင်းသောကြောင့် မိုးကြီးခြင်း၊ ရေကြီးရေလျှံဖြစ်ပွားခြင်းနှင့် အအေးပိုခြင်းတို့ ဖြစ်လေ့ရှိသည်။ ယခုနှစ်တွင်လည်း မေလကုန် ဇွန်လဆန်းကတည်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့သည်။ တချို့သော ဒေသများတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ဆန်စပါးအပါအဝင် အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

### နေရာကွက်၍ မိုးကြီးနေ

အထူးသဖြင့် ဇူလိုင်လဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် အဆက်မပြတ် မိုးရွာသွန်းလျက်ရှိသည်။ မိုးသက်လေပြင်းများ ကျရောက်ခဲ့သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေနစ်မြုပ်မှုများ ဖြစ်နေသည်။ မြေနိမ့်ပိုင်းရှိ တချို့သောကျေးရွာများသည် ရေအောက်သို့ မြုပ်နေပြီဖြစ်သည်။ အိမ်မွေးတိရစ္ဆာန်များအပါအဝင် ပြည်သူများသည် ရေဘေးအန္တရာယ်ကို အတော်လေးခံစားနေကြရပြီဖြစ်သည်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ ထိရောက်သော အကူအညီများလည်း အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

### ရေဘေးအန္တရာယ်

နှစ်စဉ်မိုးရာသီတွင် ပြည်သူများကြုံတွေ့ရသည့် ဒုက္ခသည် ရေဘေးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ရေဘေး သိပ်မကြုံခဲ့ရပေ။ ကြုံတွေ့ရသည့်တိုင်အောင် အချိန်မီကယ်တင်ပြောင်းရွှေ့နေရာချထားပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သို့သော်သစ်တောများ ပြုန်းတီးခြင်း၊ ရေဝေရေလဲဒေသများ ပျက်စီးခြင်းနှင့် မြစ်ချောင်းများ တိမ်ကောခြင်းတို့ကြောင့် လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းမှစကာ မိုးရာသီတွင် တချို့သောဒေသများသည် ရေအောက်သို့ ရောက်သွားလေ့ရှိသည်။ ယခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုဖြစ်ပွားခြင်းသည် ယခင်နှစ်များကထက် စောခဲ့သည်။ တချို့သောဒေသများသည် မထင်မှတ်ဘဲ ရေအောက်ရောက်သွားကြသည်။ ဆိုရလျှင် စက်တင်ဘာလကုန် အောက်တိုဘာလဆန်းအထိ မိုးရွာသွန်းသောကြောင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ပြည်သူများသည် ရေဘေးဒုက္ခကို နောက်ထပ်နှစ်လခန့် ခံစားနေရဦးမည် ဖြစ်သည်။

### လမ်းပန်းဆက်သွယ်ရေး ခက်ခဲ

မိုးသည်းထန်စွာရွာပြီဆိုလျှင် ရာသီမရွေးသွားလာနိုင်သည့်လမ်းများသည်ပင်လျှင် သွားလာ၍ မရနိုင်တော့သည့်အနေအထားသို့ ရောက်သွားသည်။ အထူးသဖြင့် လမ်းများပေါ်တွင် ရေများကျော်နေခြင်း၊ သဲချောင်းများရှိ တံတားများပေါ်သို့ ရေကျော်ခြင်း၊ တောင်ပေါ်လမ်းများတွင် သဲတောင်များ ပြိုကျခြင်း၊ လမ်းများ ကျွံကျခြင်း စသည့်ပျက်စီးယိုယွင်းမှုများကြောင့် တစ်နေရာမှတစ်နေရာသို့ ကူးလူးသွားလာရန် အခက်အခဲများဖြစ်ပေါ်လေ့ရှိသည်။ သာဓကအနေဖြင့် လွန်ခဲ့သော သီတင်းပတ်က မိုးကြီးသောကြောင့် ကားလမ်းများနှင့် တံတားအချို့ရေတိုက်စားခံခဲ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့သွားလာသည့် ရထားလမ်းများနှင့်ကားလမ်းအချို့ကို ပိတ်ထားရသည်။ ကုန်စည်စီးဆင်းမှု နှေးကွေးသွားသဖြင့် ကုန်ဈေးနှုန်းလည်း ကြီးမြင့်လျက်ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့

**❒ ငွေကြေးတတ်နိုင်သည့် ပြည်သူများအနေဖြင့် လုပ်အားဖြင့် ကူညီနိုင်ခြင်းမရှိသည့်တိုင်အောင် လိုအပ်သည့် အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းဖြင့် အကူညီများပေးနိုင်**

**❒ အရေးပေါ် အကူအညီလိုအပ်နေသူများကို လိုအပ်သည့်ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်**



ပေါင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား အစားအစာပစ္စည်းများ လာရောက်ထောက်ပံ့စဉ်။ ဓာတ်ပုံ-ကိုဟိန်း(ပေါင်)

အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ပါသည်။ ရေဘေးသင့်ပြည်သူများ၏အရေးပေါ်လိုအပ်ချက်များကို ကူညီထောက်ပံ့ ဖြည့်ဆည်းဖြေရှင်းသွားသင့်ပေသည်။

### ဂရုစိုက်သင့်

ရေဘေးသင့်ပြည်သူများသည် ရေမြုပ်နေသောအိမ်များတွင် စင်ထိုး၍ မနေသင့်ချေ။ ထိုသို့နေထိုင်မည်ဆိုလျှင် ညဘက်တွင် မြွေဆိုးအန္တရာယ်ကြောက်ရသည်။ ထို့အပြင် နေ့စဉ်စားဝတ်နေရေးအတွက်လည်း အဆင်ပြေမည် မဟုတ်ချေ။ အထူးသဖြင့် ရေနစ်မြုပ်နေသောဒေသများတွင် အိမ်သာစနစ် မရှိတော့ချေ။ ထို့ကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးလျှင် နောက်ဆက်တွဲဝမ်းရောဂါနှင့် အရေပြားရောဂါများဖြစ်နိုင်ပေသည်။ ထို့အပြင်ရေမြုပ်နေသောနေရာသည် လျှပ်စစ်အန္တရာယ်ကိုလည်း စိုးရိမ်ရပေသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများသည် ရေဘေးရှောင်စခန်းများသို့ သွားရောက်ခိုလှုံသင့်သည်။ ထိုနေရာများတွင် စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးအတွက် စိတ်ချရပေသည်။

### ပျက်စီးဆုံးရှုံးမှုများ

ရေလွှမ်းမိုးသဖြင့် လမ်းတံတားများ ပျက်စီးခြင်း၊ နေအိမ်များ ပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများ ရေနစ်မြုပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် စပါးခင်းများအပါအဝင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားပြီ ဖြစ်သည်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးကြီးမားလှပေသည်။ ရေကျသွားချိန်တွင် ကျေးလက်နေ တောင်သူများကို မျိုးစေ့နှင့် ပျိုးပင်ပေါက်များ ထောက်ပံ့ခြင်းအပါအဝင် စိုက်ပျိုးစရိတ်များ ထုတ်ပေးသင့်ပေသည်။ သို့မှသာလျှင် ပြည်သူများ ပြန်လည်ရပ်တည်နိုင်မည်ဖြစ်သည်။

### ရေဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်သွားမလဲ

လူသားတို့၏ပယောဂကြောင့် ကမ္ဘာကြီးသည် ကျန်းမာရေးချူချာလျက်ရှိသည်။ သစ်တောပြုန်းတီးမှုများ၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများ၊ လက်နက်စမ်းသပ်မှုများ၊ မြစ်ချောင်းများအတွင်းသို့ ဓာတုပစ္စည်းများကို စည်းမဲ့ကမ်းမဲ့စွန့်လွှတ်မှုများကြောင့် ကမ္ဘာ့ရာသီဥတုဖြစ်စဉ်များသည် ကမောက်ကမဖြစ်ပေါ်လျက်ရှိသည်။ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ နှင်းမုန်တိုင်းများကျရောက်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းကျရောက်မှုတို့ကို ခပ်စိပ်စိပ်ကြုံတွေ့နေကြရပြီဖြစ်သည်။

ထိုသဘာဝဘေးအန္တရာယ်များကို ကာကွယ်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် လူသားတို့၏ လောဘကို လျှော့ချသွားရန်ပင်ဖြစ်သည်။ သစ်ပင်များကို အလွန်အကျွံခုတ်ထွင်မည့်အစား သစ်ပင်များစိုက်ပျိုးသွားခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ မြစ်ချောင်းများ တိမ်ကောမှုမရှိအောင် ထိန်းသိမ်းပြုပြင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချခြင်း၊ စွန့်ပစ်ဓာတုပစ္စည်းများကို စနစ်တကျစွန့်လွှတ်ခြင်း၊ အရင်းအမြစ်များကို လိုသလောက်သာ ထုတ်ယူသုံးစွဲခြင်းတို့ ဆောင်ရွက်သွားမည်ဆိုလျှင် သဘာဝဘေးအန္တရာယ်များကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ရေဘေးအန္တရာယ်ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်သွားနိုင်မည်ဖြစ်သည်။

### ဝိုင်းဝန်းကူညီပေးစေလို

မျက်မှောက်ကမ္ဘာကြီးတွင် ဂေဟစနစ်ယိုယွင်းပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် တပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီလျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း ထိုစိတ်နေစိတ်ထားကို အတုယူသင့်ပေသည်။ နိုင်ငံတကာတွင်လည်း ထိုသို့ဘေးအန္တရာယ်ဖြစ်ပေါ်လျှင် တပ်မတော်သားများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြရလေ့ရှိသည်။

ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် ပြည်သူများအနေဖြင့် လုပ်အားဖြင့် ကူညီနိုင်ခြင်းမရှိသည့်တိုင်အောင် လိုအပ်သည့်အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းဖြင့် အကူအညီများပေးနိုင်ပါသည်။ အရေးပေါ်အကူအညီလိုအပ်နေသူများကို လိုအပ်သည့်ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်းသည် မင်္ဂလာတစ်ပါးပင်မဟုတ်ပါလား။ တချို့သော ပြည်သူများသည် ပိုင်ဆိုင်မှုအားလုံး ရေနှင့်အတူ မျောပါသွားကြပြီဖြစ်သည်။ ရေကျချိန်တွင် ဘဝကိုအသစ်မှ ပြန်စကြရဦးမည် ဖြစ်သည်။

ထို့ကြောင့် ယခုလို ဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အချိန်မျိုးတွင် ဘေးအန္တရာယ်သင့်ပြည်သူများကို အားပေးနှစ်သိမ့်ခြင်း၊ ထောက်ပံ့ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အလှူငွေများ၊ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးနိုင်သည်။ ဆိုရလျှင် မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီရောက်ရှိလျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခံစားရလေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံစားရလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ရေဘေးသင့်ပြည်သူများကို တစ်တပ်တစ်အား ဝိုင်းဝန်းကူညီသွားကြပါစို့ဟု အကြံပြုတိုက်တွန်းပါရစေ။ ။

---

**နေပြည်တော် မီးသတ်ဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး**

နေပြည်တော် သြဂုတ် ၂

နေပြည်တော် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင်လ နောက်ဆုံးပတ်က ဒက္ခိဏသီရိမြို့နယ် နယ်မြေ မီးသတ်စခန်းတွင် ပြုလုပ်ရာ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ နေပြည်တော်တိုင်း မီးသတ် ဦးစီးမှူး ဦးအောင်ဆွေဝင်းနှင့် အဖွဲ့ဝင် ၁၀၀ မှ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာအပင် ၂၅၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

# ဝေါမြို့နယ်အတွင်း စစ်တောင်းမြစ်ရေကြောင့် စပါးစိုက်ခင်းများနှင့် လူနေအိမ်များရေနစ်မြုပ်

**ဝေါ ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း စစ်တောင်းမြစ်ရေကြောင့် စိုက်ပျိုးပြီး စပါးစိုက်ခင်းများနှင့် ကျေးရွာလူနေအိမ်များ ရေဝင်နစ်မြုပ်လျက်ရှိပြီး ဝေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၄၈ ရွာတွင် တောင်သူစုစုပေါင်း ၁၁၃၃၄ ဦးတို့၏ မိုးစပါးသီးနှံများ ရေကြီးနစ်မြုပ်ကေစုစုပေါင်း ၇၂၀၈၈ ဧက ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးများပြီး စစ်တောင်းမြစ်ရေလျှံမှုကြောင့် စိုက်ပျိုးပြီး စပါးစိုက်ခင်းသီးနှံများ ရေကြီးနစ်မြုပ်ရာတွင် ဝေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများဖြစ်သည့် သူရဲသမိန်ရွာ တောင်သူ ၂၈၅ ဦး ရေမြုပ်ဧက ၁၈၆၅၊ စက်စုရွာ တောင်သူ ၅၇၅ ဦး ရေမြုပ်ဧက ၃၆၁၄၊ ဒလန္တမ်းရွာ တောင်သူ ၆၆၇ ဦး ရေမြုပ်ဧက ၃၃၆၉ ၊ ဆင်ရွာတောင်သူ ၆၅၈ ဦး ရေမြုပ်ဧက ၄၃၇၆၊ ဝိုင်းပါတ်ရွာ တောင်သူ ၄၈၇ ဦး ရေမြုပ်ဧက ၂၃၉၇၊ လက်ပန်ရွာ တောင်သူ ၅၀၄ ဦး ရေမြုပ်ဧက ၃၂၄၆၊ မြစ်ကျိုးရွာ တောင်သူ ၅၇၄ ဦး ရေမြုပ်ဧက ၃၁၀၄ ၊ သူဌေးကုန်းရွာ တောင်သူ ၁၀၆ ဦး ရေမြုပ်ဧက ၈၀၅၊ အဘားရွာ တောင်သူ ၇၃ ဦး ရေမြုပ်ဧက ၄၈၇၊ သစ်စက်တောင်သူငါးဦး ရေမြုပ်ဧက ၃၀၊ ချမ်းမြတောင်သူတစ်ဦး ရေမြုပ်ဧက ၁၀ ဧက၊ အင်းတိုင်စုရွာ တောင်သူ ၉၂ ဦး ရေမြုပ်ဧက ၅၈၄၊ စိုင်တီစုရွာ တောင်သူ ၁၅၂ ဦး ရေမြုပ်ဧက ၁၈၅၁၊ ထမင်းဆိုင်ရွာ တောင်သူ ၁၉၈ ဦး ရေမြုပ်ဧက ၂၁၅၀၊ ထမင်းဆိုင်ရွာ တောင်သူ ၂၀၉ ဦး ရေမြုပ်ဧက ၁၉၀၀၊ ကပင်ရွာတောင်သူ ၁၄၀၊ ရေမြုပ်ဧက ၁၄၅၀၊ ခင်တန်းကြီးရွာ တောင်သူ ၃၄၆ ဦး ရေမြုပ်ဧက ၂၄၅၄၊ ကေရာဇ်ရွာ တောင်သူ ၂၁၈ ဦး ရေမြုပ်ဧက ၁၀၉၅ ၊ ကျိုက်လှရွာ တောင်သူ ၂၆၇ ဦး ရေမြုပ်ဧက ၁၀၈၉၊ ကြာလဟာရွာ တောင်သူ ၃၂၄ ဦး ရေမြုပ်ဧက ၁၆၇၁၊ ရှမ်းစုရွာ တောင်သူ ၁၆၃ ဦး ရေမြုပ်ဧက ၁၀၉၅၊ နောင်ပတ္တရာရွာ တောင်သူ ၁၅၃ ဦး ရေမြုပ်ဧက ၇၉၃၊ နောင်ဂျမ်းရွာ တောင်သူ ၁၁၉ ဦး ရေမြုပ်ဧက ၅၉၀၊ သဘော့ကန်ရွာ တောင်သူ ၁၃၈ ဦး ရေမြုပ်ဧက ၆၉၈၊ ကဒွတ်ရွာတောင်သူ ၂၄၈ ဦး ရေမြုပ်ဧက ၂၂၁၆၊ ညောင်ကိုင်းရွာ တောင်သူ ၂၂၈ ဦး ရေမြုပ်ဧက ၂၃၂၂၊ မိုးနက်ရွာ တောင်သူ ၁၉၄ ဦး ရေမြုပ်ဧက ၂၃၁၈၊ ညောင်သုံးခွရွာ တောင်သူ ၂၇၉ ဦး ရေမြုပ်ဧက ၂၂၆၅၊ ကမာကဘန်ရွာ တောင်သူ ၃၈၈ ဦး ရေမြုပ်ဧက ၁၆၂၀၊ ဘုရားပျို့ရွာ တောင်သူ ၁၉၄ ဦး ရေမြုပ်ဧက ၉၄၄၊ ကံမြင့်ရွာတောင်သူ ၂၆၉ ဦး ရေမြုပ်ဧက ၁၂၆၈၊ ကျုံသင်ရွာ တောင်သူ ၁၀၇ ဦး ရေမြုပ်ဧက ၉၂၀ ၊ ကော့ဝင်းရွာ တောင်သူ ၁၈၄ ဦး ရေမြုပ်ဧက ၁၅၄၃၊ ထိန်တပင်ရွာ တောင်သူ ၅၈ ဦး ရေမြုပ်ဧက ၂၇၉၊ လက်ပံသုံးပင်ရွာ တောင်သူ ၂၉ ဦး ရေမြုပ်ဧက ၁၀၁၊ တောကြီးရွာ တောင်သူ ၂၆ ဦး ရေမြုပ်ဧက ၁၁၈၊ အဗျာငှက်ချေးဝင်းရွာ တောင်သူ ၃၅၉ ဦး ရေမြုပ်ဧက ၁၇၉၅၊ အလယ်စုရွာ တောင်သူ ၃၁၂ ဦး ရေမြုပ်ဧက ၃၁၂၊ အဗျာဘိုတဲရွာတောင်သူ ၁၁၃ ဦး ရေမြုပ်ဧက ၆၅၅ ၊ ဆပ်သွားခြံရွာရွာ တောင်သူ ၁၉၅ ဦး ရေမြုပ်ဧက ၁၇၈၉၊ အုတ်ဖိုရွာတောင်သူ ၂၅၆ ဦး ရေမြုပ်ဧက ၁၆၄၅၊ တနော်ကျွန်ရွာ တောင်သူ ၉၅ ဦး ရေမြုပ်ဧက ၆၂၄၊ ညောင်ခါးရှည်ရွာ တောင်သူ ၅၇ ဦး ရေမြုပ်ဧက ၃၄၀၊ သပြေကန်ရွာ တောင်သူ ၈၆ ဦး ရေမြုပ်ဧက ၄၈၀၊ မှုံကတုံးရွာတောင်သူ ၂၅၆ ဦး ရေမြုပ်ဧက ၁၂၈၀၊ ရှမ်းကိုင်းရွာ တောင်သူ ၃၅၂ ဦး ရေမြုပ်ဧက ၁၉၈၆၊ ပန်းညိုရွာတောင်သူ ၂၃၇ ဦး ရေမြုပ်ဧက ၁၃၈၅၊ ဝင်းကဒတ်ရွာ တောင်သူ ၃၇၉ ဦး၊ ရေမြုပ်ဧက ၂၁၁၉ ဧက ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မဒေါက်မြို့ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ စားသောက်ဖွယ်ရာများလှူဒါန်း

**မဒေါက် ဩဂုတ် ၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ မဒေါက်မြို့ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း၊ ဆန်များနှင့် စားစရာ၊ အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၂ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်းခဲ့ကြသည်။



ပေးအပ်လှူဒါန်းရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမျိုးသန့်တင်၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်သင်းသင်းသာ၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးကျော်စွာမင်း၊ ဘဏ္ဍာရေးမှူး ဦးမင်းဟန်နှင့်အဖွဲ့ဝင်များက မဒေါက်မြို့ ကယ်ဆယ်ရေးစခန်းများသို့ လာရောက်၍ ဆန်တစ်တင်းခွဲအိတ် ၃၇ အိတ်ခွဲ၊ သောက်ရေသန့်ဘူးကြီး ၃၄၅ ဘူး၊ ငါးပိကြော်၊ ငါးနီတူး ၅၂၈ ထုပ်၊ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၊ ငါး သေတ္တာဘူး ၄၀၀၊ ကွတ်ကီးမုန့်ထုပ် ၁၂၀၊ အဝတ်အစားအထုပ်ကြီးသုံးထုပ်၊ ဒီကိုဂျင်ဆေးကတ် ၄၀၀၊ လင်ဇီးဆေးဘူး ၄၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၃၅ သိန်းခန့် တန်ဖိုးရှိပစ္စည်းများအား တာဝန်ရှိသူများထံ လာရောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အင်းချောင်ကယ်ဆယ်ရေးစခန်း၊ တိုင်တရာကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး အဝတ်အထည်များနှင့် သောက်ရေသန့်များ ပေးဝေခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မျိုး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သတင်းထောက်များ၏ မေးမြန်းချက်များကို သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁)ဟံသာဝတီ ဦးအုန်းကြိုင်က ရှင်းလင်းဖြေကြားပြီး လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ မဒေါက်မြို့ရေဘေး ကယ်ဆယ်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# ကျောက်ဖြူလေဆိပ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လေဆိပ်အဆောက်အအုံအတွင်း ပျက်စီးမှုများရှိ

**ကျောက်ဖြူ ဩဂုတ် ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူလေဆိပ်ကို ယမန်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်၌ လေပြင်းတိုက်ခတ်ခဲ့ရာ လေဆိပ်အတွင်း ကာရံထားသော အလူမီနီယမ် ပေါင်နှင့်မှန်များပျက်စီးခဲ့ရာ ပျက်စီးရာနေရာများသို့ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ ယနေ့ နံနက် ၉ နာရီက သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်ကို ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများသွားရောက်ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ လေဆိပ်အဆောက်အအုံအတွင်းရှိ ခရီးသည်ဝင်ပေါက်နှင့် အဲယားလိုင်းကောင်တာအား ကာရံထားသည့် အလျားပေ ၉၀၊ အနံ ၁၂ ပေရှိ အလူမီနီယမ်ပေါင်ကွပ်ထားသည့်မှန်နှင့် အဲယားလိုင်းကောင်တာခရီးသည်ထွက်ပေါက်ကို ကာရံထားသည့်အလျား ၂၈ ပေ၊အနံ ၈ ပေရှိ အလူမီနီယမ်ပေါင်ကွပ်ထားသည့်မှန်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါဖြစ်စဉ်သည် လေဆိပ်အဆောက်အအုံအတွင်းရှိ အလူမီနီယမ်ပေါင်ကွပ်ထားသည့်မှန်များ ပျက်စီးရခြင်းမှာ လေပြင်းတိုက်ခတ်စဉ် လေယာဉ်ကွင်းဘက်ခြမ်းရှိ ဆိုက်ရောက်ခရီးသည်ဝင်ပေါက်မှ လေတိုး၍ လဲကျပျက်စီးခြင်းဖြစ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းခန့်ရှိကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

# ပေါက်တောမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်၍ အဆောက်အအုံအချို့ပျက်စီး

**ပေါက်တော ဩဂုတ် ၂**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အနောက်ဖရုံကာကျွန်း တန်းလွဲချောင်းကျေးရွာ၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက လေဆင်နှာမောင်းတိုက်ခတ်၍ အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တန်းလွဲချောင်း အမက မူလွန်ကျောင်းခေါင်မိုးများပျက်စီးပြီး နေအိမ်သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း ဥပုသ်ဆောင်အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# သထုံမြို့ ရေဘေးသင့်ပြည်သူအများအတွက် ရေသန့်ဆေးပြားများ အရေးပေါ်လိုအပ်နေ

**မော်လမြိုင် ဩဂုတ် ၂**

မွန်ပြည်နယ် သထုံမြို့နယ် ရေဘေးသင့်ဧရိယာအတွင်း ရေတွင်းရေကန် ၁၀၀၀ ကျော် ညစ်ညမ်းသွားပြီး တစ်သောင်းကျော်သော ရေဘေးသင့်ပြည်သူများအား သန့်ရှင်းသော သောက်ရေ၊ သုံးရေအတွက် ရေသန့်ဆေးပြားများ လိုအပ်လျက်ရှိသည်ဟု သိရသည်။

"ရေကြီးမှုမှာ ရေတွင်းရေကန် ၁၇၁၈ ခု ရေလွှမ်းသွားပါတယ်။ အဲဒီအနက်ငါးခုပဲ ကလိုရင်း ခတ်ရပါသေးတယ်။ လက်ရှိအခြေအနေမှာ ရေသန့်ဘူးတွေထက် သန့်ရှင်းတဲ့ သုံးရေရရှိဖို့ အထူးလိုအပ်နေပါတယ်" ဟု သထုံမဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

"ပြီးခဲ့တဲ့ ရက်ပိုင်းက ရေလွှမ်းမှုမှာ ရေတွင်းရေကန်တွေထဲ အမှိုက်သရိုက် အညစ်အကြေးတွေ ဝင်ရောက်ကုန်ပြီး ပျက်စီးကုန်တာကြောင့် လောလောဆယ် သောက်ရေသန့်ဘူးတွေ ဝယ်သုံးနေပေမယ့် ရေရှည်မှာ အဆင်မပြေနိုင်လို့ ရေသန့်ဆေးတွေ အရေးပေါ်လိုအပ်နေတာပါ" ဟုဒေါ်ခိုင်ခိုင်လဲ့က ဆက်လက်ပြောကြားသည်။

သထုံရေဘေးသင့်ကျေးရွာ ၃၀ ခန့်ရှိ ပြည်သူ တစ်သောင်းကျော်တို့အနက် မကျန်းမာသူ ၉၂၅ ဦးလည်းရှိနေပြီး အအေးမိ၊ နှာစေး၊ တုပ်ကွေး၊ ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါများဖြစ်ပွားလျက်ရှိကြောင်း သထုံခရိုင်ကျန်းမာရေးဌာနရှိ အချက်အလက်များအရ သိရသည်။

"သထုံရေကြီးမှုက ရက်ရှည်ဖြစ်နေတာပါ။ ဘီးလင်း စရေကြီးတဲ့အချိန်ထက် စောတယ် ပြောလို့ရပါတယ်။ ရေပြင်က အင်းလေးရေပြင်လို ဖြစ်နေတာ။ ကားနဲ့သွားလို့ မရတဲ့နေရာ။ လှေနဲ့ပဲသွားရတာဖြစ်လို့ အသက်ကယ်အင်္ကျီတွေလည်း လိုအပ်နေပါတယ်" ၎င်းက ဆက်လက်ပြောသည်။

သောက်ရေသန့်အတွက် တစ်ရက်လျှင်ငွေကျပ် ၁၀ သိန်းဖိုးခန့် ကုန်ကျမှုများရှိနေပြီး ရေသန့်ဘူးခွံများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုများလည်း ဆက်လက်ဖြစ်ပေါ်လာနိုင်သဖြင့် ရေသန့်ဆေးပြားလှူပေးနိုင်ပါက ပိုအဆင်ပြေနိုင်ကြောင်းလည်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

# ရေကြောင်းရဲတပ်ဖွဲ့မှ မိုးရာသီရေကြောင်းသွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်မောင်းသူများသတိပြုရန် ဆောင်ရန်/ရှောင်ရန်အချက်များ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့မှ မိုးရာသီအတွင်း ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်များ ကြပ်မတ်စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ရေယာဉ်မောင်းနှင်သူများ သတိပြုရန်အတွက် အောက်ပါ ဆောင်ရန်/ရှောင်ရန်အချက်များအား ထုတ်ပြန်အပ်ပါသည်-

(က) အရက်သေစာသောက်စားပြီး စက်လှေမောင်းနှင်ခြင်း မပြုရန်။

(ခ) သတ်မှတ်လူဦးရေ၊ ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရန်။

(ဂ) ရာသီဥတုဆိုးရွားပြီး မိုးမှောင်ကျသည့်အခါ အချက်ပြဆက်သွယ်ရန်အတွက် ခရာ၊ ဓာတ်မီး စသည့်အချက်ပြကိရိယာများ ယူဆောင်ရန်။

(ဃ) အသက်ကယ်ဗောကွင်းများ၊ လှေအကူများထားရှိရန်။

(င) ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်အင်္ကျီ (တစ်ဦးလျှင်တစ်ခုကျစီ) ယူဆောင်ရန်။

(စ) ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်လှေ/ဖောင်များ လုံလောက်စွာပါရှိရန်။

(ဆ) ရေယာဉ်တွင် ပါရှိရမည့်ပစ္စည်းများ ပြည့်စုံစွာထားရှိရန်။

(ဇ) စက်တပ်ရေယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ၊ ရေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ဥပဒေသများနှင့်အညီ မောင်းနှင်ကြရန်။

(ဈ) စက်တပ်ရေယာဉ်မောင်းသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်အုပ်ချုပ်သူများအနေဖြင့် အရေးပေါ်ဖြစ်သည့်အခါ လိုက်နာဆောင်ရွက်ရမည့်အချက်များအား သိရှိလိုက်နာဆောင်ရွက်သွားကြရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများအား အခါအားလျော်စွာ ဆောင်ရွက်သွားကြရန်။

မိုးရာသီအတွင်း ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်မောင်းနှင်သူများအနေဖြင့် ရေကြောင်းရဲတပ်ဖွဲ့မှ အသိပေးထုတ်ပြန်ထားသည့် ဆောင်ရန်/ရှောင်ရန်အချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရေကြောင်း ရဲတပ်ဖွဲ့

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ၌ အားကစားလှုပ်ရှားမှုများ ထည့်သွင်းကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂**

**"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွှဲပျော်စို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်က ကြီးမှူး၍ မန္တလေးမြို့၌ ဩဂုတ် ၁၁ ရက်မှ၁၃ ရက်ထိမန္တလေးတက္ကသိုလ် ပရဝဏ်အတွင်း နေ့စဉ်နံနက် ၉ နာရီမှ စတင်ပြီး ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကျင်းပရာတွင် အားကစားလှုပ်ရှားမှုများကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ အပန်းဖြေ အားကစားပြိုင်ပွဲများ၊ ယှဉ်ပြိုင်အားကစားပြိုင်ပွဲများ၊ အားကစားသရုပ်ပြပွဲများ၊ စုပေါင်းလမ်းလျှောက်ခြင်းစသည့် အားကစားလှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ရာ အပန်းဖြေ အားကစားပြိုင်ပွဲများကို မန္တလေးတက္ကသိုလ်စစ်ရေးပြကွင်း၌ တစ်ဦးချင်းပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက် (ကျား/မ)၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ (ကျား/မ)၊ ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲ (ကျား/မ)၊ သုံးချောင်းထောက်အပြေးပြိုင်ပွဲ (ကျား/မ)၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ (ကျား/မ) ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင်ပွဲများအဖြစ် လွန်ဆွဲ (ကျား/မ)နှင့်ထုပ်ဆီးတိုး(မ)ပြိုင်ပွဲများ၊ ပြိုင်ပွဲအထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲအဖြစ် မန္တလေးတက္ကသိုလ် Open Shed အားကစားရုံ၌ ဘော်လီဘော ပြိုင်ပွဲ၊ မန္တလေးတက္ကသိုလ် အားကစားရုံ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သရုပ်ပြမည့် အားကစားနည်းများကို မန္တလေးတက္ကသိုလ်အားကစားရုံ၌ ဝူရှူး၊ ကျွမ်းဘား၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ခြင်းလုံး၊ Myanmar Fitness Dance စသည့် အားကစားနည်းများ သရုပ်ပြခြင်းကို ဩဂုတ်၁၁ မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စုပေါင်းလမ်းလျှောက်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့မှ စတင်တာလွှတ်ပြီး မန္တလေးတက္ကသိုလ်အတွင်း လမ်းအတိုင်းပတ်၍ နှစ်မိုင်ခန့်အကွာအဝေးအတိုင်းစုပေါင်း လမ်းလျှောက်ကြမည်ဖြစ်သည်။

ပြိုင်ပွဲများအလိုက် ချီးမြှင့်မည်ဖြစ်ပြီး အားကစားဆိုင်ရာ ဓာတ်ပုံပြပွဲများကို အာဆီယံကျောင်းသား အားကစားပြိုင်ပွဲ၊ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်မှု မှတ်တမ်းဓာတ်ပုံများ၊ လူထုအားကစားလှုပ်ရှားမှု မှတ်တမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲ မှတ်တမ်းများ၊ နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပခဲ့သည့် မှတ်တမ်းများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်/အောင်မြင်ခဲ့သည့် မှတ်တမ်းများ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ခံကျင်းပခဲ့သည့် မှတ်တမ်းများ၊ ပြည်တွင်းရှိ အားကစားကွင်း/ ရုံများ၏ မှတ်တမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းသား ကျောင်းသူများ နေထိုင်၊ စားသောက်၊ သင်ကြားနေမှုနှင့် အောင်မြင်မှု မှတ်တမ်းများ ထည့်သွင်းပြသထားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် ဩဂုတ် ၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန်နှင့် တစ်ဦးချင်း ပြိုင်ပွဲများကို နေ့စဉ် နံနက် ၉ နာရီ၊ ၁၁ နာရီနှင့် မွန်းတည့် ၁၂ နာရီများတွင် ကျင်းပမည်ဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့်ပြိုင်ပွဲ မစတင်မီ ၁၅ မိနစ်အလိုကြိုတင်စာရင်း ပေးသွင်းနိုင်ပါကြောင်း။

မည်သူမဆို ပါဝင်ယှဉ်ပြိုင် ဆင်နွှဲနိုင်ကြောင်းနှင့် လာရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း ယှဉ်ပြိုင်လိုသည့်သူများ ဆက်သွယ်ရန် ဖုန်းနံပါတ်-ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင် (မန္တလေး/သိပ္ပံ) ၀၉- ၄၃၁၀၀၈၅၂၊ ၀၂-၈၀၉၀၀၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော် (မန္တလေး/သိပ္ပံ) ၀၉-၂၅၀၈၄၈၆၆၁၊ ၀၂-၄၀၇၈၆၅၀တို့အား ဆက်သွယ်စာရင်း ပေးပို့နိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ဘီးလင်းမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၂၈ ခု ပိတ်သိမ်း

**ဘီးလင်း ဩဂုတ် ၂**

ဘီးလင်းမြို့နယ်တွင် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီမှ ရေဘေးရှောင်ကယ်ဆယ်ရေး စခန်း ၄၃ ခု ဖွင့်လှစ်ကာ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ယခုအခါရေများ ပြန်လည်ကျဆင်းနေပြီဖြစ်၍ ရေဘေးကယ်ဆယ်ရေးစခန်း ၂၈ ခုအား ယမန်နေ့က ပိတ်သိမ်းခဲ့ပြီး ရပ်ကွက်သုံးခုနှင့် ကျေးရွာသုံးရွာတို့၌ ကယ်ဆယ်ရေးစခန်း ၁၅ ခု ကျန်ရှိနေသေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဝက်စ်ဟမ်းအသင်းမှ အသက် (၂၈နှစ်) အရွယ် ဆီနီဂေါကွင်းလယ်ကစားသမား ကူယာတီကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ သို့သော် ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ အဆိုပါက ကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ လေးရာသီကြာဖြတ်သန်းပြီး ပရီမီယာလိဂ်ပွဲ ၁၂၉ ပွဲ ကစားထားကာ ၁၂ ဂိုးသွင်းယူပေးထားနိုင်ကြောင်းလည်း ဖော်ပြထားသည်။
- အင်တာမီလန်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အသက် (၂၆နှစ်) အရွယ် ခရိုအေးရှား ညာနောက်ခံကစားသမား ဆီမီ ဗီဆယ်ကိုကို ရာသီကုန်အထိ အငှားဖြင့်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ၏ ဖော်ပြချက်အရ သိရသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ခရိုအေးရှားအသင်း၌ ခုနစ်ပွဲတွင် ခြောက်ပွဲပါဝင်ကစားထားသော အဆိုပါ ညာနောက်ခံကစားသမား၏ စာချုပ်တွင် ဝယ်ယူခွင့်ပါရှိကြောင်းလည်း သိရသည်။
- မန်ယူအသင်းသည် လက်စတာအသင်းမှ အသက် (၂၅နှစ်) အရွယ် အင်္ဂလန်နောက်ခံကစားသမား မက်ဂူရီအား ခေါ်ယူရေးနှင့်ပတ်သက်ပြီး လက်လွှတ်ခဲ့ရပြီးနောက် ယခုအခါ ဘာစီလိုနာအသင်းမှ အသက် (၂၃နှစ်) အရွယ် ကိုလံဘီယာဗဟိုခံစစ်ကစားသမား မီနာအား ကမ်းလှမ်းမှုပြုလုပ်ရန် ချိန်ရွယ်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် တော့တင်ဟမ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော အက်စ်တွန်ဗီလာအသင်း၏ အသက် (၂၂နှစ်) အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက် ဂရီးရယ်လစ်ချ်ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အသက် (၂၄နှစ်) အရွယ် ရီးရဲမက်ဒရစ်နှင့် ခရိုအေးရှားကွင်းလယ်ကစားသမား ကိုဗာဆစ်အနေဖြင့် မန်ယူနည်းပြ မော်ရင်ဟို၏ လက်အောက်တွင် ကစားလိုခြင်း မရှိတာကြောင့် မန်ယူအသင်းကို ပြောင်းရွှေ့သွားမည်မဟုတ်ကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- အသက် (၂၃နှစ်) အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ရာဘီရော့သည် ပီအက်စ်ဂျီအသင်းအနေဖြင့် ပြင်သစ်အသင်းမှ ၎င်း၏ ကဖားဖော် ကန်တီ (၂၇နှစ်) ကို ခေါ်ယူပါက အသင်းမှ ထွက်ခွာသွားနိုင်ကြောင်း calcio-mercato တွင် ဖော်ပြထားသည်။
- ခရစ္စတယ်ပဲလေ့စ်နည်းပြ ရွိုင်းဟော့ဆန်သည် အသက် (၂၂နှစ်) အရွယ် ဂျာမနီကွင်းလယ်ကစားသမား မက်ဇ်မေရာကို ခေါ်ယူရန် အသင့်ရှိနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ဘာစီလိုနာနည်းစနစ်ဒါရိုက်တာ အဘီဒယ်သည် အသက် (၂၅နှစ်) အရွယ် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဆွေးနွေးရန် ပေါ့ဂ်ဘာနှင့် တွေ့ဆုံခဲ့သည်ဆိုခြင်းကို ငြင်းဆိုလိုက်ကြောင်း စပိန်ဘက်မှလာသော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ရေကြီးရေလျှံမှုကြောင့် ခရီးစဉ်များရပ်နားထားသည့် ယာဉ်လိုင်းအချို့ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဩဂုတ်၂**

မိုးများ၍ရေလွှမ်းမှုကြောင့် ကားလမ်း၊ ရထားလမ်းများ ခရီးသွားလာရေး ယာယီအခက်အခဲ ကြုံတွေ့နေရလျက်ရှိရာ ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပြေးဆွဲနေသော ခရီးသည်ယာဉ်လိုင်းအချို့ကို ပိတ်ထားရာမှ ယာဉ်လိုင်းအချို့ကို ပြန်လည်စမ်းသပ်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင်လနောက်ဆုံးပတ်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ နေရာအချို့ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့၍ ရန်ကုန်မှ မော်လမြိုင်- ဘားအံ- ရေး- ထားဝယ်-မြိတ်- ကော့သောင်းသို့ ပြေးဆွဲနေသောခရီးစဉ်များကို ဇူလိုင် ၂၀ ရက်မှစ၍ ယာဉ်လိုင်းများ ယာယီရပ်နားထားကာ ဇူလိုင် ၃၀ ရက်တွင် ညနေပိုင်းမှစ၍ ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးဝင်းမှ မော်လမြိုင်- ရေး- ထားဝယ်- မြိတ်- ကော့သောင်းခရီးစဉ်များကို မန္တလာမင်းခရီးသွားပို့ဆောင်ရေးမှ စမ်းသပ်ပြန်လည်ပြေးဆွဲလျက်ရှိသည့် နည်းတူ ဇူလိုင် ၃၁ ရက်နံနက်ပိုင်းမှစ၍ ရန်ကုန်မှ မော်လမြိုင်- ရေး- မြိတ်- ထားဝယ်- ကော့သောင်းခရီးစဉ်များကို ရောင်နီထွန်း၊ ရွှေစင်စကြာ၊ မန်းရာဇာ၊ ရွှေဝယ်ရတနာ၊ ရွှေဝယ်သူ၊ အန်တီဝင်းနှင့် ရွှေမန္တလေးယာဉ်လိုင်းတို့ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်တွင်လည်း ကားလမ်းများရေကျော်မှုကြောင့် အဝေးပြေးခရီးစဉ်အချို့ ယာယီရပ်နားထားခဲ့ရာမှ ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးဝင်းမှ ဘားအံမြို့သို့ စမ်းသပ်ပြီးပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (အဝေးပြေး)မှ တာဝန်ခံ ဦးဘမြင့်က ပြောသည်။



ရန်ကုန်မြို့အောင်မင်္ဂလာအဝေးပြေးဝင်းမှယာဉ်လိုင်းပေါင်း ၂၅၁ လိုင်းဖြင့် ယာဉ်အစီးရေ ၂၆၃၄ စီးဖြင့် ခရီးသွားပို့ဆောင်ရေးဝန်ဆောင်မှုပေးလျက်ရှိပြီး မိုးရွာသွန်းမှုများသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့သို့ ပြေးဆွဲနေသော ယာဉ်လိုင်းအချို့ ယာယီရပ်ဆိုင်းထားမှုများရှိကြောင်းလည်း သိရသည်။

လှိုင်သာယာမြို့နယ် ဒဂုံ- ဧရာအဝေးပြေးရပ်နားစခန်းမှ ဧရာဝတီတိုင်းဒေသကြီးရှိမြို့များသို့ ပြေးဆွဲနေသော ယာဉ်လိုင်းများမှာ ယခင်မိုးရာသီက ယာဉ်လိုင်းအချို့ ယာယီပိတ်ထားခဲ့ရသော်လည်း ယခုမိုးရာသီတွင် ယနေ့ထိ ယာဉ်လိုင်းတစ်လိုင်းမှ ပိတ်ခြင်းမရှိဘဲ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနှစ်မိုးရာသီမှာ ယာဉ်လိုင်းတစ်လိုင်းမှ ပိတ်တာတော့ မရှိဘူး။ အားလုံး ပုံမှန်ပြေးဆွဲနေပါတယ်။ ဒဂုံ- ဧရာအဝေးပြေးမှာယာဉ်လိုင်းပေါင်း ၁၂၀ နဲ့ယာဉ်အစီးရေ ၉၁၅ စီးပြေးဆွဲနေပါတယ်။ မိုးရာသီဖြစ်တော့ ပုံမှန်ငါးစီးမှာ နှစ်စီး၊ သုံးစီးပဲပြေးဆွဲကြတော့တယ်" ဟု ဒဂုံ- ဧရာအဝေးပြေးဝင်းရှိ YRTA မှ တာဝန်ခံ ဦးမြင့်အောင်က ပြောသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## အိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲ ပထမအဆင့်တွင် မြန်မာအသင်း အုပ်စု (ဂ) တွင် ကျရောက်

**ရန်ကုန် ဩဂုတ် ၂**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးခြေစစ်ပွဲ ပထမအဆင့်အတွက် အုပ်စုမဲခွဲပွဲကို ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (ဂ) တွင် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲပထမအဆင့်တွင် အသင်း (၁၈) သင်းယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် တရုတ် (တိုင်ပေ)၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု (ခ) တွင် အီရန်၊ ဟောင်ကောင်၊ ယူအေအီး၊ မကာအို၊ လက်ဘနွန်၊ အုပ်စု (ဂ) တွင် မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (ဃ) တွင် ဂျော်ဒန်၊ အင်ဒိုနီးရှား၊ ပါလက်စတိုင်း၊ မော်လ်ဒိုက်အသင်းတို့ ပါဝင်နေသည်။ အာရှဇုန်ခြေစစ်ပွဲ ကျင်းပသည့်ပုံစံအရ ပထမအဆင့်တွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းလေးသင်းအနက် အကောင်းဆုံးနှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်သည့်အုပ်စုတွင် အသင်းငယ်များသာ ပါဝင်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် မခက်ခဲနိုင်ဘဲ ဒုတိယအဆင့်မှသာ ရှန်းကန်ရဖွယ်ရှိနေသည်။ ဒုတိယအဆင့်တွင် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန်အသင်းသည် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး ပထမအဆင့်မှ တက်ရောက်လာသည့် ၁၀ သင်း၊ စုစုပေါင်း ၁၂ သင်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် လေးသင်း၊ သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာတတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီဒင်သတ်မှတ်ချက်တွင် အမြင့်ဆုံးရသည့် ဩစတြေးလျ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တရုတ်နှင့် ထိုင်းအသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲမှ စတင်ကစားရမည်ဖြစ်ပြီး ဒုတိယအဆင့်မှ တက်ရောက်လာသည့် သုံးသင်း စုစုပေါင်းရှစ်သင်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာရှဇုန်မှ နှစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

ယင်းခြေစစ်ပွဲကို နိုဝင်ဘာဒုတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီးမြန်မာအသင်း ပါဝင်သည့် အုပ်စုအား လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံအား ရွေးချယ်ရခြင်းမရှိသေးပေ။ ၂၀၁၆ ရီယိုအိုလံပစ်ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲ ပထမအဆင့်ယှဉ်ပြိုင်ရန်လေ့ကျင့်ရခြင်းမရှိသေးဘဲ အမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးနှင့် နည်းပြအဖွဲ့သည် ကစားသမားများ ရွေးချယ်ရန် လိဂ်ပွဲများအား လိုက်လံကြည့်ရှုလျက်ရှိပြီး အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၁၆ အိုလံပစ်ခြေစစ်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ခဲ့စဉ်က။

## မြန်မာ့ရုပ်မြင်သံကြား

၃-၈-၂၀၁၈ (သောကြာနေ့)
**၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(အဖိတ်နေ့)**

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများ ကွန်ရက်"(အပိုင်း-၂၀)
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၇၆)

**ညပိုင်း**
- ၁၆း၂၀ - "1 On 1 Football skills Challenge Cup ပြိုင်ပွဲ အစီအစဉ်"
- ၁၇း၄၅ - Alpine Cup 2018 လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (BAHRAIN U-23 Vs MYAN MAR U-23)
- ၂၀း၃၅ - "ကမ်းရိုးတန်းသယံဇာတ" (Video Clip)
- - "လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီး"

# မြစ်ကြီးနားခ္ဍ ညအချိန်အုပ်စုဖွဲ့လုယက်သူ လူငယ် ၁၀ ဦးအား အရေးယူ

**မြစ်ကြီးနား ဩဂုတ် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲက ဆိုင်ကယ်စီးနင်းလာသူ လူငယ်နှစ်ဦးကို ရိုက်နှက်၍ လက်ကိုင်ဖုန်း လုယက်သူ လူငယ် ၁၀ ဦးအား ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် ညပိုင်းက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်နေ အောင်သူဖြိုး(၂၉ နှစ်)နှင့် ၎င်း၏ညီဖြစ်သူ ရာဇာထွန်းတို့နှစ်ဦးသည် ပမ္မတီးရပ်ကွက်မှ ရမ်ပူရပ်ကွက်သို့ ဂျာလင်း စူပါကပ်ဆိုင်ကယ်နှင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် မြို့သစ်ကြီးရပ်ကွက် မလိဇ္ဇတ်ဆေးရုံအနီး၌လူငယ်တစ်စုက တားဆီးကာ ၎င်းတို့နှစ်ဦးအား ထိုးကြိတ်ရိုက်နှက်၍ ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ လက်ကိုင်ဖုန်းနှစ်လုံးကို လုယူထွက်ပြေးသွားသည်။

ထို့ကြောင့် အောင်သူဖြိုးက အော်ဟစ်အကူအညီ တောင်းခံခဲ့သဖြင့် လုယက်သူလူငယ်များအား ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးခဲ့ရာ ဒူကထောင်ရပ်ကွက်နေ မွန်းအောင်(၁၆ နှစ်)၊ တပ်ကုန်းရပ်ကွက်နေ ဂျာဝွန်း (၁၆ နှစ်)၊ ခေမာသီရိရပ်ကွက်နေ မျိုးမြင့်အောင်(၂၇ နှစ်) နှင့် ကြက်ပေါင်ခြံရပ်ကွက်နေ ဆိုင်းတူးအောင်(၁၇ နှစ်)တို့လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ဖော်ထုတ်ချက်အရ ယောန (၁၆ နှစ်)၊ နော်မိုင်(ခ) ကတုံး(၁၆ နှစ်)၊ ဇော်မိုင်အောင် (၁၅ နှစ်)၊ အားဒီ (၁၈ နှစ်)၊ ဘောမ်လန်း (၁၆နှစ်)၊ လင်းဦး(ခ) ဆံရှည် (၂၉ နှစ်) တို့ ခြောက်ဦးကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝိုင်းဝန်းရိုက်နှက်ခံရသူ အောင်သူဖြိုးနှင့် ရာဇာထွန်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဝိုင်းဝန်းရိုက်နှက်လုယက်သူလူငယ်များဖြစ်သည့် မွန်းအောင်အပါအဝင် ၁၀ဦးအား မြစ်ကြီးနား နယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ အောင်ဝင်းဇော်အား ဆက်လက်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ သေနတ်သမား ကြည်လင်း(ခ) ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီခွဲ ခန့်က ၆၄ ကြိမ်မြောက်ရုံးထုတ်ခဲ့ပြီး အမှုမှပါဝင်ပတ်သက်သူ အောင်ဝင်းဇော်အား လေးကြိမ်မြောက် ထပ်မံစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း ဒုတိယခရိုင်တရားသူကြီးထံမှ သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ စွဲဆိုထားရာက ပြစ်မှုကျူးလွန်သူ အောင်ဝင်းဇော်ကို ဆက်လက်စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးရာမှာ သက်သေတင်သွင်းထားတဲ့ တယ်လီဖုန်းမှတ်တမ်း၊ CCTV မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ပြီး နှစ်ဖက်ရှေ့နေများက အပြန်အလှန်စစ်မေးခဲ့ကြပါတယ်။ နောက်ပြီး အမှုမှပါဝင်ပတ်သက်သူ ဇေယျာဖြိုးက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကို အမှုနဲ့ ပတ်သက်တဲ့ အယူခံတင်သွင်းထားတဲ့အတွက် အမှုလိုက်တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က ဩဂုတ် ၃ ရက် သောကြာနေ့မှာ အယူခံတင်သွင်းထားလို့ တရားခံအတွက် တိုင်းတရားလွှတ်တော်ကို သွားရောက်လျှောက်ထားဖို့ရှိကြောင်း အထူးတရားခုံရုံးကို တရားဝင်တင်ပြပြီး ခွင့်တောင်းလာတဲ့အတွက် အောင်ဝင်းဇော်ကို ဩဂုတ် ၃ ရက်သောကြာနေ့မှာ ဆက်လက်စစ်ဆေးမယ်လို့ ချိန်းဆိုထားပေမယ့် အဲဒီနေ့မှာ အထူးတရားခုံရုံးက စစ်ဆေးနိုင်ခြင်း မရှိတော့ပါဘူး။ ဒါကြောင့် ဩဂုတ် ၉ ရက် ကြာသပတေးနေ့မှာ အောင်ဝင်းဇော်ကိုပဲ စစ်ဆေးဖို့ ချိန်းဆိုလိုက်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# တပ်ကုန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တပ်ကုန်း ဩဂုတ် ၂**

နေပြည်တော် တပ်ကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ နေပြည်တော် မူးယစ်အထူးအဖွဲ့ငယ်ပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက် ညနေ ၃နာရီ မိနစ်၄၀ ခန့်က မြဝတီရပ်ကွက် နယ်မြေ ၁၁၊ တိုးချဲ့(င)လမ်းနေသူ ကြက်ဖ(ခ)ဟန်မင်းစိုး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များစစ်ဆေးစဉ် အိမ်ရှင်ဖြစ်သူ ကြက်ဖ(ခ)ဟန်မင်းစိုးနှင့်အောင်ဇေယျရပ်ကွက် နယ်မြေ ၇ မျိုးမင်းနိုင်၊ ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ(၁)နေ စိုင်းပီတိတို့အား တွေ့ရှိရပြီး ၎င်းတို့သုံးဦးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ပြား သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြက်ဖ(ခ)ဟန်မင်းစိုး၊ မျိုးမင်းနိုင်၊ စိုင်းပီတိတို့ကို တပ်ကုန်းမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကွင်းဆက်အရ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကျော်သာဦး ကြီးကြပ်၍ ပူးပေါင်းအဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီခန့်က သော်တာကျေးရွာအနီး တပ်ကုန်းမြို့နှင့် ဆက်သွယ်ထားသော အမြန်လမ်း M RTV လမ်းဆုံ ကဖေးဆိုင်ရှေ့၌ သာယာအေးကျေးရွာနေသူ ကိုဇော်ထိုက်မောင်းနှင်ပြီး ဇနီးဖြစ်သူ မထက်ထက်မိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၅၇၆ ပြားနှင့် ငွေကျပ် ၃၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထက်ထက်မိုးနှင့် ဇော်ထိုက်တို့ကို တပ်ကုန်းမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ထီးချိုင့်နှင့် သီပေါမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂**

ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ၃နာရီ ၁၅ မိနစ်က ထီးချိုင့်မြို့ ရောဝတီတံတားအနီးတွင် ဝင်းကျော်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀၂ ခွက် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၀၄၀၄ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ တို့ကို လည်းကောင်း။ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက သီပေါမြို့ မီးရထားရပ်ကွက် နယ်မြေ(၁)လမ်းသွယ်တွင်ဖြိုးလွင်ဦး(ခ) ကိုဖြိုးမောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင်ရှိနေအိမ်မှ ငွေခိုးယူသူ အိမ်အကူအား ဖမ်းဆီးမိ

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အင်းစိန်လမ်း အိမ်အမှတ် ၂၈ မြေညီထပ်တွင်နေထိုင်သူ အိမ်ရှင်ဒေါ်မြင့်မြင့်၏ အိပ်ခန်းအတွင်းမှ ငွေကျပ် ၂၁၅၀၀၀၀ ဖြင့် ခိုးယူထွက်ပြေးသွားသူ အိမ်အကူ မသင်းသင်းဝါ (၃၀ နှစ်) အား ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်က မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်း၌ သက်သေငွေများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက်က မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မှ တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အိမ်အကူအဖြစ် ခေါ်ယူ ထားသူ မသင်းသင်းဝါသည် ဇူလိုင် ၃ ရက်က အောင်မင်္ဂလာ အဝေးပြေးကားဂိတ်သို့ အသိမိတ်ဆွေတစ်ယောက်အား ကြိုဆိုရန်ဟုဆိုကာ ထွက်သွားခဲ့ပြီး ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကြည့်မြင်တိုင်ရှိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

နေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် အိမ်ခန်းများအတွင်း အဝင်အထွက် ပြုလုပ်လျက်ရှိပြီး မိသားစုများ အလုပ်များနေခိုက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် အိမ်သားများကို အသိမပေးဘဲ ထွက်သွားခဲ့သည်ဟု ဆိုသည်။

အိမ်ရှင်က အိပ်ခန်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ ခုတင်ပေါ်တွင် ကွပ်ကွပ်အိပ်ဖြင့် ထည့်ထားသော ငွေကျပ် ၂၁၅၀၀၀၀ အထုပ်ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည့်အတွက် ကြည့်မြင်တိုင်မြို့မ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

တိုင်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မောင်မောင်အောင်၊ မြို့မ ရဲစခန်းမှူးဒုရဲမှူးဝင်းညွန့်တို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဖြိုးဝေမင်းနှင့် အဖွဲ့ကစုံစမ်းခဲ့ရာ မသင်းသင်းဝါအား ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီတွင် သက်သေငွေများနှင့်အတူ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်စုကျေးရွာအုပ်စု ဖိုလေးလုံးကျေးရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။



**ကိုကြီးတင်**

# မိုးညှင်းမြို့နယ်၌ ငါးမျှားသူတစ်ဦး ငါးမျှားတံကြိုးနှင့် လျှပ်စစ်မီးကြိုးထိမိရာမှ ဓာတ်လိုက်သေဆုံး

**မိုးညှင်း ဩဂုတ် ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာမြောက်ဘက် နန့်ရင်းချောင်းတွင် ငါးမျှားသူတစ်ဦး ငါးမျှားတံကြိုးနှင့် လျှပ်စစ်မီးကြိုးထိမိ၍ ဓာတ်လိုက်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက်က မိုးညှင်းမြို့နယ် ပျော်ဘွယ်ကျေးရွာနေ ဦးဝင်းညွန့်နှင့် ခင်မောင်စန်းတို့သည် ထန်းတပင်ကျေးရွာမြောက်ဘက် နန့်ရင်းချောင်းတွင် နေရာခွဲပြီး ငါးမျှားကြစဉ် လဲကျသံကြားရသဖြင့် ခင်မောင်စန်းက လှမ်းကြည့်ရာ ဦးဝင်းညွန့်၏ ငါးမျှားတံကြိုးနှင့်အထက်ရှိ လျှပ်စစ်မီးကြိုးတို့ ငြိရာက ဓာတ်လိုက်ခံရ၍ ဦးဝင်းညွန့်အား ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်ကျေးရွာ မိုးညှင်းမြို့နယ်နေသူ ဦးဝင်းညွန့်(၃၇ နှစ်) သေဆုံးမှုကို မိုးညှင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# မိတ္ထီလာ၌ လေပြင်းတိုက်မှုကြောင့် နေအိမ်အချို့ပျက်စီး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရ

**မိတ္ထီလာ ဩဂုတ် ၂**

မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်တွင် ဩဂုတ် ၁ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဝန်ဇင်းရပ်ကွက်ရှိ နယ်မြေ ၁၄ ဒေါ်စိုးစိုးထွေး (၃၇ နှစ်) ၏ နေအိမ်ခြံဝင်းအတွင်း မန်ကျည်းပင်မှာ အမြစ်မှလန်၍ လဲကျသဖြင့် နေအိမ်ပျက်စီးဆုံးရှုံးခြင်း၊ နယ်မြေ ၁၃ ဦးအောင်ကြည် (၅၇ နှစ်) ၏နေအိမ် ပြိုကျပျက်စီးခြင်း၊ နယ်မြေ ၁၆ ဒေါ်ဘေဘီစန်း ( ၅၅ နှစ်) ၏ နေအိမ်ရှေ့လမ်းမပေါ်မှ ကွန်ကရစ်တိုင် နေအိမ်ပေါ် လဲကျသဖြင့် သွပ်မိုးလန်ခြင်း၊ ဒေါ်ခင်လှ (၆၈ နှစ်) နှင့် နယ်မြေ ၁၆ ဒေါ်အေးမြင့် (၅၅ နှစ်)တို့၏ နေအိမ်သွပ်မိုးလန်ခြင်း၊ နယ်မြေ ၁၇ ဘီနည်းပညာတက္ကသိုလ်(မိတ္ထီလာ)သွားရာလမ်းပေါ်ရှိ လျှပ်စစ်ဓာတ်တိုင် ပြိုလဲခြင်းများဖြစ်ပေါ်ခဲ့ပြီး နယ်မြေ ၁၃ တွင်နေထိုင်သည့် ဒေါ်ငွေရီ ၅၄ နှစ်မှာ နေအိမ်ပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိကာ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ ( မစိုးရိမ်ရ ) အဖြစ် တင်ပို့ဆေးကုသမှုခံယူရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ပျက်စီးမှုများကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်ကြက်ခြေနီ



သူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပရဟိတလူငယ်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကသာမြို့နယ်၌ မူးယစ်ဆေးဝါး ငွေကျပ် ၁၃၉ သိန်းကျော်ဖိုး ဖမ်းမိ

**ကသာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာနှင့် ဆင်ကုန်းကျေးရွာတို့မှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားငွေကျပ် ၁၃၉ သိန်းကျော်ဖိုး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့နံနက် ၉ နာရီခွဲခန့်တွင် ကသာမြို့နယ် ကျောက်ထုံးကြီးနယ်မြေရဲကင်းစခန်း ရဲတပ်ဖွဲ့ဝင်များသည် ကျောက်ထုံးကြီးကျေးရွာနေ မသီတာဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၊ (ကာလတန်ဖိုးငွေကျပ် ၂၉ သိန်းကျော်)အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မသီတာဦးအား ကျောက်ထုံးကြီးနယ်မြေရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ရဲတပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် ဆင်ကုန်းကျေးရွာနေ ဦးဟန်ညွန့်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၁၁၀၊ (ကာလတန်ဖိုးငွေကျပ်သိန်း ၁၁၀)ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဦးဟန်ညွန့်အား ကသာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများကို တူရကီက တုံ့ပြန်မှုများ ပြုလုပ်သွားမည်

**အန်ကာရာ ဩဂုတ် ၂**

တူရကီနိုင်ငံအစိုးရသည် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တူရကီနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးအပေါ် အရေးယူပိတ်ဆို့မှု ဆောင်ရွက်ခြင်းကို ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး ယင်းအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ ချက်ချင်းပြုလုပ်သွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ တစ်ဆင့်ပြီးတစ်ဆင့် ဖိအားပေးဆောင်ရွက်မှုများသည် နှစ်ဦးနှစ်ဖက်လုံးအတွက် အကျိုးမရှိဘဲ နှစ်နိုင်ငံအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် အပြုသဘောဆောင်သည့် ကြိုးပမ်းမှုများကို ကြီးမားစွာ ထိခိုက်စေခဲ့ကြောင်း၊ တူရကီနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံက ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်မှုနှင့် တူညီသည့် တုံ့ပြန်မှုမျိုးကို ချက်ချင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက တူရကီနိုင်ငံမှ အမေရိကန်နိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီး အန်ဒရူး ဘရွန်ဆန်အား ဆက်လက်ထိန်းသိမ်းထားခြင်းကို အကြောင်းပြုကာ တူရကီနိုင်ငံပြည်ထဲရေးဝန်ကြီးနှင့် တရားရေးဝန်ကြီးဌာနဝန်ကြီးတို့အား ပိတ်ဆို့အရေးယူမှုဆောင်ရွက်ခဲ့ကြောင်း ဩဂုတ် ၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ပိတ်ဆို့အရေးယူမှုအရ ၎င်းတို့၏ အမေရိကန်နိုင်ငံအတွင်းရှိ ပိုင်ဆိုင်မှုအားလုံးကို ထိန်းချုပ်သွားမည်ဖြစ်ပြီး ၎င်းတို့နှင့် ဆက်သွယ်သည့် အမေရိကန်နိုင်ငံလုပ်ငန်းကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တို့အားလည်း ကန့်သတ်လိုက်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် တူရကီနိုင်ငံ၌ ဖြစ်ပွားခဲ့သော မအောင်မမြင် စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် အာဏာသိမ်းမှုအား ထိန်းချုပ်ပြီးနောက်တွင် တူရကီနိုင်ငံက ခရစ်ယာန်ဘုန်းတော်ကြီး အန်ဒရူး ဘရွန်ဆန်အား အစိုးရဆန့်ကျင် သူလျှိုလုပ်ငန်းတွင် ပါဝင်မှုဖြင့် ဖမ်းဆီးခဲ့သည်။

လတ်တလောတွင် ဘုန်းတော်ကြီး၏ ကျန်းမာရေးမှာ အခြေအနေမကောင်းသောကြောင့် အိမ်တွင်း အကျယ်ချုပ်ဖြင့်ထားရှိခဲ့ကြောင်း သိရသည်။

ထို့အတူ အမေရိကန်နိုင်ငံက ပြင်းထန်သည့် သဘောထားများထုတ်ဖော်ခဲ့ပြီး တူရကီနိုင်ငံမှ ဖမ်းဆီးထားသည့် ဘုန်းတော်ကြီး အန်ဒရူးဘရွန်ဆန်အား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ဇူလိုင် ၂၆ ရက်က အမေရိကန်နိုင်ငံအနေဖြင့် တူရကီနိုင်ငံအား ဘုန်းတော်ကြီး အန်ဒရူးဘရွန်ဆန်ကို ထိန်းချုပ်ထားမှုဖြင့် ကြီးမားသည့် အရေးယူပိတ်ဆို့မှု ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး တူရကီနိုင်ငံအစိုးရက ဇူလိုင် ၃၁ ရက်က အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများသည် လက်ခံနိုင်မှုမရှိသော၊ လေးစားမှုမရှိသော ဆောင်ရွက်မှုမျိုးဖြစ်ပြီး နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးအား ပြန်လည်ကုစားနိုင်ခြင်း မရှိသည့် ဒဏ်ရာဖြစ်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**



# အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်အရှေ့ပိုင်းတွင် စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ တစ်ဦးသေဆုံး



**ကဘူးလ် ဩဂုတ် ၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်အရှေ့ပိုင်း ဆိုရူဘီခရိုင်တွင် ဩဂုတ် ၁ ရက်က စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းဌာန ဝမ်းတီဗွီတွင် ဖော်ပြခဲ့သည်။

အဆိုပါရဟတ်ယာဉ်သည် ဓာတ်အားပေးတာဝါတိုင်နှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပျက်ကျမှုသည် မြို့တော် ကဘူးလ်အရှေ့ပိုင်း ကီလိုမီတာ ၅၀ အကွာ အာဖဂန်စစ်စခန်းတစ်ခုအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတော်တဆမှုနှင့် ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ကြေညာခြင်းများ ထွက်ပေါ်လာခြင်းမရှိသေးသော်လည်း အခြားအသေးစိတ်သတင်းအချက်အလက်များ ထွက်ပေါ်လာနေဆဲဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုကို ကဘူးလ်မြို့ရဲချုပ် ဗိုလ်ချုပ်ကြီး ဒါဝုဒ်အာမင်က အတည်ပြုပေးခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သတင်းမီဒီယာများထံ အသေးစိတ်အချက်အလက်များ မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်က ပင်လယ်နီလမ်းကြောင်းပိတ်ဆို့ထားမှု အစ္စရေးသတိပေး

**ဂျေရုဆလင် ဩဂုတ် ၂**

အီရန်ဘက်မှ ပင်လယ်နီ Bab el-Mandeb ရေလက်ကြားကိုပိတ်ဆို့ထားသည့်အတွက် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက ဗုဒ္ဓဟူးနေ့တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အကယ်၍ အီရန်ဘက်မှသာ ရေလက်ကြားကို ပိတ်ဆို့ရန်ဆက်လက်ကြိုးပမ်းခဲ့ပါက အပြည်ပြည်ဆိုင်ရာမှမဟာမိတ်များပူးပေါင်း၍ ယင်းပိတ်ဆို့မှုကိုတားမြစ်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နေတန်ယာဟုက ဟိုင်ဖာမြို့ရေတပ်အခြေစိုက်စခန်းတွင် အရာရှိများ ဘွဲ့ယူပွဲအခမ်းအနားတွင်ပြောကြားခဲ့သည်။ အစ္စရေးအပါအဝင် မဟာမိတ်များပါဝင်မည်ဖြစ်ကြောင်း အီရန်ကိုသတိပေးခဲ့သည်။ ယင်းအခမ်းအနားသို့ အစ္စရေးကာကွယ်ရေးဝန်ကြီးလည်းတက်ရောက်ခဲ့သည်။

ပင်လယ်နီတွင်အစ္စရေးသင်္ဘောများ ထိခိုက်မှုရှိနေသည်ဟူသော သတင်းများလည်းကြားသိနေရသည်။ Bab el -Mandeb ရေလက်ကြားသည် ကုန်တင်သင်္ဘောများ၊ ရေနံတင်သင်္ဘောများ အဓိကဖြတ်သန်းရာလမ်းကြောင်းလည်း ဖြစ်သည်။ ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့ကို ဆက်သွယ်ထားရာလမ်းကြောင်းလည်းဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်ကလည်း အီရန်မှ ကျောထောက်နောက်ခံပြုထားသော ယီမင်ဟူသီသူပုန်များသည် ဆော်ဒီရေနံတင်သင်္ဘောနှစ်စင်းကို တိုက်ခိုက်ခဲ့ရာ ဆော်ဒီဘက်မှ ရေနံတင်သင်္ဘောပြေးဆွဲမှုကို ရပ်နားထားသည်။

**ဆင်ဟွာ**

# ဗီယက်နမ်၌ ရေကြီးမှုကြောင့် သုံးဦး သေဆုံး

**ဟန္နိုင်း ဩဂုတ် ၂**

ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၃၁ ရက်မှစ၍ မိုးရွာသွန်းမှုများ၍ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ရသည်။ မြို့တော်ဟန္နိုင်း ဆင်ခြေဖုံးရပ်ကွက်များတွင် အိမ်များရေနစ်မြုပ်ခဲ့ရသည်။ ရေတက်လာစဉ် ကလေးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ရေနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

မြစ်ကမ်းရိုးတစ်လျှောက် သဲအိတ်များ ချထားခြင်းဖြင့် ရေတက်မလာအောင် ကြိုးပမ်းမှုများလည်း ပြုလုပ်နေသည်။ မြို့တော် ဗဟိုကိုပါ ရေများလွှမ်းမိုးလာမည်ကို အာဏာပိုင်များက စိုးရိမ်နေကြ သည်။ အာဏာပိုင်များက လူပေါင်းတစ်သောင်းခန့်ကို ရေဘေးမှ ကယ်တင်ပြီးဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။ သို့သော် နောက်ထပ်မိုးရွာသွန်းမှုများ ရှိနေဦးမည်ဟု မိုးလေဝသက ခန့်မှန်းထားသည်။ အာရှနိုင်ငံများတွင် မိုးရာသီ၌ ရေကြီးမြေပြိုမှုများ ခံစားနေရပြီး ဇူလိုင်လ တစ်လအတွင်းပင် အိန္ဒိယ၌ လူပေါင်း ၅၀၀ ခန့် သေဆုံးခဲ့ရသည်။

**အင်န်အီတီချဲကေ**



## အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်သူများကို သေဒဏ် ချမှတ်ရန် လုပ်ဆောင်သွားမည်

**အန်ကာရာ ဩဂုတ် ၂**

ကာ့ဒ်စစ်သွေးကြွများက လူသေဆုံးစေသည့် ဗုံးခွဲတိုက်ခိုက်မှုတစ်ခု လုပ်ဆောင်ခဲ့ပြီးနောက် တူရကီနိုင်ငံသမ္မတ ရီဆက်တေရစ်အာဒိုဂန်က အဆိုပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများအပေါ် ပါလီမန်အနေဖြင့် သေဒဏ်ချမှတ်ခြင်းကို ထောက်ခံလိုက်သည်နှင့် တစ်ပြိုင်နက် ယင်းစနစ်အား အတိအကျ အတည်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့သည့် မိခင်တစ်ဦးနှင့် ကလေးငယ်တစ်ဦး၏ အသုဘအခမ်းအနားသို့ တက်ရောက်လာသည့် အာဒိုဂန်က တရားမဝင်အသင်းဖြစ်သည့် ကာ့ဒ်အလုပ်သမားပါတီတွင် နောက်ဆုံးအကြမ်းဖက်သမားတစ်ဦးတစ်ယောက်မျှ မကျန်တော့သည်အထိ တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ပါလီမန်က ယင်းကဲ့သို့ ပြစ်ဒဏ်ချမှတ်မှုအား ထောက်ခံလိုက်ပါက ၎င်းအနေဖြင့် အဆိုပါစနစ်ကို အတိအကျအတည်ပြုသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

နိုင်ငံအရှေ့တောင်ပိုင်း ဟက်ကာရီပြည်နယ်တွင် မကြာသေးမီက လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် တူရကီ စစ်သားတစ်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူနှင့် ၁၁ လသားအရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဇင်ဘာဘွေ ရွေးကောက်ပွဲအပြီး ဆန္ဒပြသူများနှင့် လုံခြုံရေး တပ်ဖွဲ့များ ပဋိပက္ခဖြစ်

**ဟာရာရီ ဩဂုတ် ၂**

ဇင်ဘာဘွေနိုင်ငံ အတိုက်အခံနိုင်ငံရေးပါတီမှ ဆန္ဒပြသူများသည် တနင်္လာနေ့က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲရလဒ်များကို မကျေနပ်၍ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲများကြား ပဋိပက္ခများဖြစ်ပွားပြီး လူသုံးဦး ထက်မနည်း သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ တနင်္လာနေ့က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အီမာဆွန် မနန်ဂါဂွါနှင့် အတိုက်အခံခေါင်းဆောင် နယ်ဆင်ချာမစ်ဆာတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း သမ္မတမူဂါဘီကို ဖြုတ်ချပြီးနောက် မနန်ဂါဂွါက ၎င်း၏နေရာတွင် ဆက်ခံခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ကမူ ဗုဒ္ဓဟူးနေ့အစောပိုင်းတွင် ရွေးကောက်ပွဲရလဒ်များကြေညာနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း လုပ်ငန်းများ ကြန့်ကြာနေသည့်အတွက် နှောင့်နှေးခဲ့ရသည်။

အတိုက်အခံဘက်မှ ဆန္ဒပြသူများသည် ဗုဒ္ဓဟူးနေ့တွင် မြို့တော်ဟာရာရီ၌ ဆန္ဒပြခဲ့ကြပြီး ရွေးကောက်ပွဲရလဒ်များကြေညာမှုနှောင့်နှေးခြင်းနှင့် မဲမသမာမှုများ ပြုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အချို့သော ဆန္ဒပြသူများမှာ အကြမ်းဖက်မှုများ ပြုလာကြသည်ကိုလည်း တွေ့ရသည်။ အင်္ဂါနေ့ကမူ အတိုက်အခံခေါင်းဆောင် မစ္စတာ ချာမစ်ဆာက ၎င်းအနိုင်ရရှိသည်မှာ သေချာသည်ဟု ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံ၌ အပူချိန် အမြင့်ဆုံးအထိ ရှိလာ

**တိုကျို ဩဂုတ် ၂**

ဩဂုတ်လအစပိုင်းမှစ၍ ဂျပန်နိုင်ငံတစ်လွှားတွင် အပူချိန်များ ဆက်တိုက်ဆိုသလို ဆက်လက်မြင့်တက်လာရာ အမြင့်ဆုံးစံချိန်သို့ ရောက်ရှိလာသည်။ ယင်းအပူချိန်ကြောင့် လူသေဆုံးမှုများရှိလာပြီး လူထောင်ပေါင်းများစွာ ဆေးရုံတက်ရောက်ကုသခဲ့ရသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း ဂီဖုပြည်နယ်တွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးရပ်စ်အထိရှိလာသည်။ တိုင်းပြည်နေရာအစိတ်အပိုင်းအတော်များများတွင် ပြင်းထန်သည့် အပူလှိုင်းဖြတ်မည့်အကြောင်း သတိပေးမှုများ ထပ်မံထုတ်ပြန်ထားသည်။ တိုကျိုမြောက်ပိုင်းတွင်လည်း လွန်ခဲ့သော သီတင်းပတ်က အပူချိန် ၄၁ ဒီဂရီဆဲလ်စီးရပ်အထိ စံချိန်တင်မြင့်တက်လာခဲ့သည်။

တိုကျိုမြို့၌ ကြာသပတေးနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် အပူချိန်မှာ ၃၇ ဒသမ ၃ ဒီဂရီရှိခဲ့သည်။ ယခုသီတင်းပတ်တွင်လည်း အပူချိန်ကျဆင်းသွားခြင်း မရှိဘဲ မြင့်တက်နေဦးမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# အကြွေးနွံက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ဂရိ

**ချိုးစန္ဒီမွေး**



**ဂရိကြွေးမြီပြဿနာဟာ ဆယ်စုနှစ်တစ်ခု ကြာမြင့်လာပြီဖြစ်တဲ့အတွက် အချိန်ကာလအတော်လေးကြာလာပြီလို့ ပြောရမှာပါ။ အကြွေးနွံအတွင်းမှ ရုန်းထွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာမှ ဘဏ္ဍာရေးသဘောတူညီမှုဟာလည်း ဩဂုတ်လမှာအဆုံးသတ်တော့မှာပါ။ ဥရောပက မူဝါဒချမှတ်သူတွေကတော့ ဂရိနိုင်ငံရဲ့စီးပွားရေး ပြန်လည်ဦးမော့လာနိုင်မယ်၊ ပြီးတော့ ဆယ်စုနှစ်တစ်ခုကြာခံစားခဲ့ရတဲ့ ကြွေးမြီပြဿနာကို အဆုံးသတ်နိုင်တော့မယ်လို့ ယူဆခဲ့ကြပါတယ်။**

### ခါးသီးလှတဲ့ အမှန်တရား

ဒါပေမယ့်လည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ ဒီလို မထင် ပါဘူး။ ပြီးခဲ့တဲ့အင်္ဂါနေ့မှာတော့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဟာ ခါးသီးလှတဲ့ အမှန်တရားကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂရိနိုင်ငံဟာ ကြုံတွေ့နေဆဲဖြစ်တဲ့ ကြွေးမြီပြဿနာကို ဆက်လက်ရင်ဆိုင်ရဖွယ်ရှိတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ရပ်တန့်နေပြီး နှစ်ပေါင်းများစွာ ခြိုးခြံချွေတာရေးစနစ်ကို ကျင့်သုံးပြီးတဲ့အခါမှာတော့ နိုင်ငံတွင်းက ပြည်သူလူထုကို ဆင်းရဲတွင်းထဲ ပိုမိုတွန်းပို့လိုက်သလို ဖြစ်သွားနိုင်တယ်လို့ သတိပေးထားပါတယ်။

ဩဂုတ် ၂၀ ရက်မှာတော့ ဂရိဟာ ဥရောပကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ဥရောပ ဗဟိုဘဏ်တို့က ထောက်ကန်ပေးထားတဲ့ ငွေကြေးအကူအညီကနေ နုတ်ထွက်ရတော့မှာပါ။ ဥရောပမှာ ကြွေးမြီပြဿနာဟာ ၂၀၁၀ ပြည့်နှစ်မှာ စတင်ခဲ့တဲ့နောက်ပိုင်းမှာတော့ ယူရိုသုံးစွဲတဲ့ ၁၉ နိုင်ငံကို ကြွေးမြီပြဿနာကနေ ကယ်တင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

### ဂရိဝန်ကြီးချုပ်၏ ကြိုးပမ်းမှု

ဂရိနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းဟာ တဖြည်းဖြည်းနဲ့ ပြန်လည်တိုးတက်လာပြန်ပါတယ်။ အလုပ်လက်မဲ့ပမာဏဟာလည်း ယခင်စံချိန်တင်မြင့်မားနေရာကနေ ပြန်လည်ကျဆင်းလာပါတယ်။ ဂရိဝန်ကြီးချုပ် Alex Tsipras ကတော့ လတ်တလောမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစီအစဉ်တွေ လုပ်ဆောင်နေပါတယ်။ ခြိုးခြံချွေတာရေး အစီအစဉ်သစ်တွေနဲ့ ဘဏ္ဍာရေးဆိုင်ရာလုံခြုံစိတ်ချမှု ရရှိစေရေး လုပ်ဆောင်သွားမှာပဲ ဖြစ်တယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ ဂရိနိုင်ငံရဲ့ စီးပွားရေး ပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြု ချီးကျူးခဲ့ပါတယ်။ ဂရိနိုင်ငံဟာ အကျပ်အတည်း အခက်အခဲတွေကြားထဲကပဲ ဘတ်ဂျက်လိုငွေပြမှုကို လျှော့ချနိုင်ခဲ့ပါတယ်။

ဒါတင်လားဆိုတော့ မဟုတ်ပါဘူး။ ပိုလျှံငွေထွက်အောင်ပါ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အစိုးရဘဏ်က တောင်လိုပုံနေတဲ့ အကြွေးတွေကို ဖြေရှင်းနိုင်အောင်လည်းအစိုးရက ကြိုးပမ်းခဲ့ပါတယ်။ မသင့်လျော်တဲ့ ပုဂ္ဂလိကကဏ္ဍအချို့ကို လျှော့ချခဲ့ပါတယ်။

### ကြွေးကျန်များ ကျန်ရှိနေ

ဒီလိုမျိုး ကြိုးစားဆောင်ရွက်မှုတွေ ရှိနေပေမယ့် ဂရိဟာ ဥရောပအတွက်တော့ ပြဿနာတစ်ခု ဖြစ်နေဆဲပါပဲ။ အခုအချိန်ထိတိုင်အောင် ဘဏ်စနစ်မှာ အားနည်းနေဆဲဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍမှာလည်း လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ တချို့သော အရင်းရှင်တွေရဲ့ ချုပ်ကိုင်မှုဟာ ဆက်လက်ရှိနေဆဲဖြစ်ပြီး အစိုးရမှာလည်း ကြွေးကျန်တွေအများကြီး ရှိနေပါသေးတယ်။

အထင်ရှားဆုံးအပိုင်းကတော့ လူဦးရေးအတော်များများဟာ ဆင်းရဲမှုဒဏ်ကို ခံစားနေရပြီး၊ ဆင်းရဲတွင်းမှ လွတ်မြောက်ရာကို မျှော်လင့်နေဆဲဖြစ်တယ်။ ဘဏ္ဍာရေးနဲ့ ဈေးကွက်ပြုပြင်ပြောင်းလဲမှုတွေမှာ ဂရိဟာ လိုအပ်ချက်တွေရှိနေဆဲဖြစ်တယ်။ အစိုးရိမ်ရဆုံးကိစ္စကတော့ တောင်လို ပုံနေတဲ့ အကြွေးတွေကြောင့်ပါပဲ။

### စိတ်သဘောထားချင်း မတိုက်ဆိုင်

ဥရောပက ကြွေးရှင်တွေဟာ ဂရိရဲ့ ချေးငွေပြန်လည်ပေးဆပ်မှုအတွက် ပိုမိုအဆင်ပြေနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေနေကြပါတယ်။ ဂရိကြွေးမြီပြဿနာနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ဂရိရဲ့ တခြားသော ကြွေးရှင်တွေဟာ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြပါဘူး။

ဥရောပမှာ ခြိုးခြံချွေတာရေးအတွက် ထောက်ခံအားပေးတဲ့ ဂျာမနီဟာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ အတိုက်အခံတွေ ဖြစ်လာပါတယ်။ ငွေကြေးရန်ပုံငွေအဖွဲ့ဟာ ဂရိကို တတိယအကြိမ်မြောက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ဖြစ်စေဖို့ ငွေကြေးအထောက်အပံ့ပေးဖို့ကို လက်မခံပါဘူး။

> **“ဂျာမနီဟာ ဂရိရဲ့ အကြွေးတချို့ ကင်းလွတ်ခွင့်ပေးဖို့ကို လက်မခံပါဘူး။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ကလည်း တကယ်လို့များ အကြွေးရှင် တွေကသာ အကြွေးတချို့ကို ဖြေလျှော့ ပေးခြင်းမရှိဘဲ ဂရိဟာ သူ့ဘာသာ အကြွေးတွေကျေအောင် ဆပ်နိုင်လိမ့် မယ်လို့ မယုံကြည်ပါဘူး။ ဒါကတော့ ဂျာမနီနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့တို့ စိတ်သဘောထားချင်း မတိုက်ဆိုင်ရတဲ့ အကြောင်းအရာပါ။**

ဂျာမနီဟာ ဂရိရဲ့ အကြွေးတချို့ ကင်းလွတ်ခွင့်ပေးဖို့ကို လက်မခံပါဘူး။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း တကယ်လို့များ အကြွေးရှင်တွေကသာ အကြွေးတချို့ကို ဖြေလျှော့ပေးခြင်းမရှိဘဲ ဂရိဟာ သူ့ဘာသာ အကြွေးတွေကျေအောင် ဆပ်နိုင်လိမ့်မယ်လို့ မယုံကြည်ပါဘူး။ ဒါကတော့ ဂျာမနီနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ စိတ်သဘောထားချင်း မတိုက်ဆိုင်ရတဲ့ အကြောင်းအရာပါ။

### အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကြိုးပမ်းမှု

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဟာ ဂရိရဲ့အကြွေးတချို့သက်သာရာရစေဖို့ ကြိုးပမ်းဆောင်ရွက်နေပြီး အဲဒီဆောင်ရွက်ချက်မှာ ဂရိက အကြွေးပြန်ဆပ်ရမယ့်အချိန်ကာလကို ဆွဲဆန့်ပေးတာမျိုးတွေ၊ အကြွေးတွေကို လျှော့ချနိုင်ဖို့အတွက် ဆောင်ရွက်ပေးမှုတွေ၊ လိုငွေပြမှုကို လျှော့ချနိုင်ပြီး ပိုလျှံငွေပြနိုင်အောင်ဆောင်ရွက်ပေးဖို့ အကြံပြုတာတွေ ပါဝင်ပါတယ်။

ဒါပေမယ့်လည်း အကြွေးတချို့ သက်သာရာမရဘဲ ဈေးကွက်ပြန်လည်ရှင်သန်ဖို့ဆိုရင်တော့ ခက်ခဲတဲ့ကာလတွေကို ဖြတ်ကျော်ရလိမ့်မယ်လို့ သတိပေးထားပါတယ်။

### အလုပ်လက်မဲ့ပမာဏ

ဂရိနိုင်ငံရဲ့ စီးပွားရေးဟာ ဖွံ့ဖြိုးတယ်ဆိုပေမယ့် ကြွေးမြီပြဿနာမဖြစ်ခင်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သုံးပုံပုံ တစ်ပုံမျှသာ ရှိပါသေးတယ်။ လွန်ခဲ့တဲ့နှစ်လယ်ပိုင်းကစလို့ တိုင်းပြည်ရဲ့ ဂျီဒီပီဟာလည်း တိုးလာပြီး ပြည်ပတင်ပို့မှုတွေမှာလည်း အသစ်အသစ်တွေလုပ်ဆောင်နိုင်ခဲ့ပါတယ်။

ပြည်ပတင်ပို့ကုန်မှာ အဓိကပို့ကုန်ကတော့ သန့်စင်ပြီး ရေနံတင်ပို့မှုပဲဖြစ်တယ်။ အဲဒီအတွက် အလုပ်အကိုင်နေရာအတော်များများ ဖန်တီးပေးနိုင်ပေမယ့် စီးပွားရေးတိုးတက်ဖို့တော့ လုံလောက်တဲ့ပမာဏ မဟုတ်သေးပါဘူး။ အလုပ်လက်မဲ့ပမာဏဟာ ၂၈ ရာခိုင်နှုန်းခန့် ကျလာပါတယ်။

ဒါပေမယ့်လည်း အလုပ်အကိုင်ရရှိမှုမရှိသေးတဲ့ ပမာဏဟာလည်း ၂၀ ရာခိုင်နှုန်းအထက်မှာ ရှိနေသေးတဲ့အတွက် အကောင်းမွန်ကြီးတော့ မဟုတ်ပြန်ပါဘူး။ ဒီပမာဏဟာ ယူရိုဇုန်မှာ အလုပ်လက်မဲ့အများဆုံး ပမာဏပါပဲ။

ဂရိလူမျိုး သန်းတစ်ဝက်နီးပါးခန့်ဟာ ငွေကြေးအကျပ်အတည်းကာလနဲ့ ရင်ဆိုင်ခဲ့ရပြီး ပြန်လည်နာလန်ထူဖို့ အဟန့်အတားတွေနဲ့ ရင်ဆိုင်နေရဆဲပါ။ လူမှုရေးအခြေအနေဟာလည်း ပိုမိုဆိုးရွားလာပါတယ်။

ဂရိလူမျိုးအများစုဟာ ခြိုးခြံချွေတာရေးစနစ်ကျင့်သုံးဖို့ အတင်းဖိအားပေးခံရတဲ့အတွက် ဒီလိုအခြေအနေတွေ ဆိုးရွားလာတာပါလို့ အပြစ်တင်ကြပါတယ်။ အစိုးရကိုလည်း လူမှုရေးဆိုင်ရာ ထောက်ပံ့မှုတွေမြှင့်တင်ပေးဖို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ တိုးမြှင့်လုပ်ဆောင်ဖို့ အကြိမ်ကြိမ်တောင်းဆိုကြပါတယ်။

### အခွန်လျှော့ချပေးဖို့ တောင်းဆို

ဒါ့အပြင် အခွန်ငွေကောက်ခံမှုကိုလည်း လျှော့ချပေးဖို့ တောင်းဆိုကြပြီး ဂရိမှာ အခွန်ငွေပေးဆောင်ရမှုဟာ လူတစ်ဦးဝင်ငွေရဲ့ ၇၀ ရာခိုင်နှုန်းအထိ ရှိလာပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ လာမယ့်နှစ်မှာ ပင်စင်စရိတ်တွေကို ဖြတ်ချဖို့ ပြီးတော့ ဥရောပသမဂ္ဂနဲ့ ပြန်လည်ညှိနှိုင်းဖို့ အကြံပြုထားပါတယ်။

တကယ်လို့များ ညှိနှိုင်းလို့အဆင်ပြေပြီး စာချုပ်တွေ ပြန်လည်အသက်သွင်းနိုင်မယ်ဆိုရင် အလုပ်လက်မဲ့ပြဿနာလည်း ဖြေရှင်းပြီးသား ဖြစ်သွားသလို ပိုမိုယှဉ်ပြိုင်မှုလည်း အားကောင်းလာမယ်လို့ ငွေကြေးရန်ပုံငွေအဖွဲ့က ပြောပါတယ်။

ဂရိဟာ အဘက်ဘက်က ကြိုးပမ်းနေပါတယ်။ သူ့ရဲ့ကြိုးပမ်းအားထုတ်မှုက ချီးကျူးဖို့ကောင်းနေပါပြီ။ ဂရိဟာ တောင့်တင်းခိုင်မာမှုနဲ့အတူ အောင်မြင်မှုတွေရရှိအောင် ဆောင်ရွက်နေပါတယ်။ ဒါပေမယ့်လည်း စိန်ခေါ်မှုတွေကတော့ ရှိနေဆဲပါ။ အားလုံးကတော့ ဂရိဟာ ပြန်လည်ရှင်သန်လာနိုင်ပြီလို့ ပြောနေကြပါတယ်။ ဒါပေမယ့်လည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ ဒါကိုလက်ခံဖို့ ခဲယဉ်းနေဆဲပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# တိုင်းရင်းသားရိုးရာဝတ်စုံနှင့် စာပေယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ တောင်ကြီးခရိုင် ပြတိုက်ငယ်သို့လှူဒါန်း

**တောင်ကြီး ဩဂုတ် ၂**

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင် ပြတိုက်ငယ်သို့ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် စာပေယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။ **(ယာပုံ)**



**တိုင်းရင်းသားဝတ်စုံများလှူဒါန်း**

အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အမှာစကားပြောကြားပြီး ဆက်လက်၍ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် စာပေယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်က လှူဒါန်းသော ဗမာတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးရိုးရာဝတ်စုံနှင့် အရုပ်ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေကလည်းကောင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ပြည်နယ် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌတို့က လှူဒါန်းသော တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာဝတ်စုံနှင့် စာပေယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများအား လည်းကောင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ရှမ်းတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ဂုံရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဂုံရှမ်းတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ တိုင်းလိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က တိုင်းလိုင် စာပေပီနိုင်းများနှင့် စာအုပ်စာစောင်များ၊ အင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က အင်းတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကယန်းတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ပအိုဝ်းတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံနှင့် အရုပ်၊ ဓနုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဓနုတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ပလောင် (ဆာမ်လုံ) တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကိုးကန့်တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ဦးအေးလေးနှင့်မိသားစု (လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့) က လီဆူတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ၊ ဦးစိုးဝင်းနှင့်မိသားစု (လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့)က လီဆူတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံနှင့် အရုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးခဲ့သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် အာခါ၊ တောင်ရိုး၊ လားဟူ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံနှင့် အရုပ်ကိုလည်းကောင်း၊ ယင်းကျားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ယင်းကျားတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံ ဗီနိုင်းနှင့် ရိုးရာတူရိယာ လေးမျိုးကိုလည်းကောင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ယင်းနက်ရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ ဦးညီနပ်နှင့်မိသားစု ('ဝ' စာပေနှင့် ယဉ်ကျေးမှုအဖွဲ့)က 'ဝ'တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးဝတ်စုံနှင့် အရုပ်တို့ကို လည်းကောင်း အလှူရှင်များက လှူဒါန်းသော အမျိုးသား။ အမျိုးသမီးအရုပ် အသုံးအဆောင်ပစ္စည်းများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများကိုယ်စား ခရိုင်ဦးစီးမှူးတို့က တိုင်းရင်းသားရိုးရာဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် အလှူရှင်များက ပြတိုက်ငယ်သို့ လှူဒါန်းထားသော စုစုပေါင်း ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် စာပေယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

**ပေးပို့လှူဒါန်း**

အဆိုပါ တိုင်းရင်းသားဝတ်စုံနှင့် စာပေယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများအားပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင် ပြတိုက်ငယ်တွင် ဝေဝေဆာဆာ ခင်းကျင်းကာ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိတို့၏ ရိုးရာဝတ်စုံများ၊ စာပေဆိုင်ရာ စာအုပ်၊ စာစောင်များ၊ လုပ်ငန်းခွင်သုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ စသည့် ရိုးရာပစ္စည်းအသုံးအဆောင်ပစ္စည်းများ၊ စက်မှု၊ လက်မှုလုပ်ငန်း၊ ဒေသထွက်ပစ္စည်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး ဖုန်း- ၀၈၁-၂၁၂၁-၁၃၆၊ ၂၁၂၁၁၃၄ နှင့် မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ခရီးသွားပြည်သူတို့ ကျန်းမာရေးအတွက် ဒဂုံ-ဧရာ အဝေးပြေးဝင်း၌ အခမဲ့ဆေးခန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၌ ဇွန် ၁၇ ရက်မှစ၍ ခရီးသွားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန်အတွက် ဆေးခန်းဖွင့်လှစ်ပြီး အခမဲ့ဝန်ဆောင်မှု ပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိ ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း၌လည်း ခရီးသွားပြည်သူတို့အတွက် အခမဲ့ဆေးခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဆေးခန်းစဖွင့်ချိန်ကနေ ယနေ့ထိ ခရီးသွားပြည်သူ ၄၀၀ ကျော်ကို ကုသပေးခဲ့ပါတယ်။ မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ခရိုင်လေးခုက ဆရာဝန်တစ်ဦးစီ အလှည့်ကျကုသပေးပါတယ်။ ၂၄ နာရီစောင့်ရှောက်ဖို့အတွက် အမျိုးသားသူနာပြု နှစ်ဦးက အချိန်ပြည့်ရှိပြီးတော့ ပေါင်းစည်းဆောင်ရွက်ပါတယ်။ မင်္ဂလာဒုံမြို့နယ်က ကျန်းမာရေးကြီးကြပ် အမျိုးသားနှစ်ဦးကိုလည်း နေ့ခင်းပိုင်းမှာ ချထားပေးထားပါတယ်။ နေ့စဉ် ခရီးသွား ၁၀ ဦးကနေ ၂၀ ထိ လာရောက်ကုသကြပါတယ်။ မြန်မာတစ်ပြည်လုံးက ဝင်ရောက်လာတဲ့ ခရီးသွားပြည်သူတွေအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အသက်ကယ်ပစ္စည်းကိရိယာအပြည့်အစုံထားရှိထားပါတယ်။ ပြီးတော့ အခုလို ဆေးခန်းမျိုး ဒဂုံ-ဧရာ အဝေးပြေးဝင်းမှာလည်း ဖွင့်လှစ်ဖို့ရှိပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ညှိနှိုင်းပြီးပါပြီ။ မြေနေရာရရှိရင် ဆောင်ရွက်မှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးလွင်က ပြောသည်။

အဆိုပါ ဆေးခန်းကို ဇွန် ၁၇ ရက်က အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။



အောင်မင်္ဂလာ အဝေးပြေးဝင်း အတွင်းဖြစ်စေ၊ အမြန်လမ်းပေါ် သွားလာနေစဉ်ဖြစ်စေ၊ ခရီးသည်တို့၏ ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စပေါ်ပေါက်လာပါက သူနာပြုယာဉ်ဖြင့် သွားရောက်ကုသပေးလျက်ရှိပြီး လိုအပ်ပါက မြောက်ဥက္ကလာပဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ လက်ရှိဆေးခန်းနေရာသည် ကျဉ်းသည့်အတွက် ကားဝင်းအတွင်း မြေနေရာရရှိပါက ကောင်းမွန်ကျယ်ဝန်းသော ဆေးခန်းအဖြစ် ကုသသွားမည်ဖြစ်ပြီး ယခုကဲ့သို့ အခမဲ့ဆေးခန်း ပေါ်ပေါက်လာစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူအင်အား၊ ပစ္စည်းအင်အားဖြင့်လည်းကောင်း၊ တာဝန်ကျဆရာဝန်နှင့် သူနာပြုတို့အတွက် လိုအပ်ချက်များကို အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ယာဉ်ပိုင်ရှင်များ အသင်းကလည်းကောင်း ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**

# လူထုဗဟိုပြုစီမံကိန်းဖြင့် ပံ့ပိုးကူညီမည့်အစီအစဉ်များ ငပုတော၌ ပညာပေးလှုံ့ဆော်

**ငပုတော ဩဂုတ် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းကို ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ ကျေးရွာပေါင်း ၃၄၇ ရွာတွင် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိနားလည်စေရန်နှင့် စီမံကိန်းလုပ်ငန်းများကို ပိုမိုရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက် (၆) အကြိမ်မြောက် သတင်းပြန်ကြားဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်း ပြပွဲအခမ်းအနားကို ဇူလိုင်လ နောက်ဆုံးပတ်က ဖျံရေကျော်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ အနီးအနား ကျေးရွာမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးလက်နေပြည်သူများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို တက်ရောက်လာကြသောပြည်သူများအား မေးမြန်းကာ အဖြေမှန်ဖြေဆိုနိုင်သူများကို စီမံကိန်းအမှတ်တံဆိပ်ပါ တီရှပ်၊ ကျောပိုးအိတ်နှင့် ဦးထုပ်များကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှမင်းထွဋ် (ပြန်/ဆက်)**



# ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာများအား လေ့လာ

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းအုပ်စု ချိုင်းကျေးရွာသို့ ဩဂုတ် ၁ ရက်က စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး မစ္စတာ ဂျောင်ဂတ်ဂျင်းနှင့် တာဝန်ရှိ ဆရာ ဆရာမများသည် ကိုရီးယားနိုင်ငံ ပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီမှ ထောက်ပံ့ပေးသော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာသို့ ကွင်းဆင်းလေ့လာပြီး ကျေးရွာတွင်း စီမံကိန်းနှင့်ပတ်သက်၍ တိုးတက်မှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အား ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာဖြစ်သော ချိုင်းကျေးရွာမှ စီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စီမံကိန်းကာလ သုံးနှစ်အတွင်း ကျေးရွာများ တိုးတက်လာကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# မိုင်းအန္တရာယ်နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာသိရှိရန် အလုပ်ရုံဆွေးနွေးခြင်းဖြင့် အဖြေရှာ

**နေပြည်တော် ဩဂုတ် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ယူနီဆက်မြန်မာတို့ ပူးပေါင်းကျင်းပသည့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင်လ နောက်ဆုံးပတ်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ကို ၂၀၁၂ ခုနှစ်ကတည်းက ဖွဲ့စည်းထားပြီး လုပ်ငန်း၏ ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့သည်မှာ ယခုအကြိမ်သည် (၁၈)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် မိုင်းနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရန် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ အရှိန်အဟုန်ရလာပြီဖြစ်ပြီး အသိပညာပေးခြင်း၊ ပြည်သူလူထုကို သတင်းအချက်အလက်များ မျှဝေခြင်းနှင့် ပညာပေးခြင်းတို့အပြင် မိုင်းဒဏ်သင့်သူများအား ကူညီထောက်ပံ့ခြင်းလုပ်ငန်းများတွင်လည်း တိုးချဲ့ဆောင်ရွက်လာနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရပ်ရွာဒေသခံများအားလုံးကိုလည်း အသိပညာပေးနိုင်ခဲ့ရာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို လျော့နည်းစေမည့် ပြည်သူလူထု ထိခိုက်မှုများကိုလည်း တားဆီးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းများနှင့်အတူ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး သို့မှသာ လူသားချင်းစာနာထောက်ထားမှုများနှင့် လူ့အခွင့်အရေးများလည်း တိုးပွားလာနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အစည်းအဝေးသို့ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ယူနီဆက်နှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများ၊ ၂၀၁၈ ခုနှစ်အတွင်း မိုင်းအန္တရာယ်ဖြစ်ပွားမှုနှင့် ကွင်းဆင်းလေ့လာခြင်းအခြေအနေများကို စုပေါင်းအဖြေရှာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မင်းသော်**

# တစ်ကျော့ပြန်အောင်ပွဲ ပြန်လည်ရှာဖွေနေသည့် မြန်မာမြားပစ်အဖွဲ့




## သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်

**မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဝေးကွာလာမှုကို အဆုံးသတ်နိုင်ရန် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲများတွင် တစ်ကျော့ပြန်အောင်မြင်မှုရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာမြားပစ်အဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**




မြန်မာမြားပစ်အဖွဲ့သည် ဆုတံဆိပ်ရရန်နှင့် အတွေ့အကြုံရယူနိုင်ရန် ရည်ရွယ်ချက်နှစ်မျိုးဖြင့် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး Compound နှင့် Recurve ပြိုင်ပွဲနှစ်ခုစလုံးတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် သွေးသစ်လောင်းပြီး အောင်မြင်မှုရရန် ပြင်ဆင်နေသည့်ကာလဖြစ်သောကြောင့် ကစားသမားခြောက်ဦးဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် Compound ပြိုင်ပွဲအမျိုးအစားတွင် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီး Mix Team ပြိုင်ပွဲ၊ Recurve ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး Mix-Team ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲသုံးခုအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး အာရှအားကစားပြိုင်ပွဲပြီးဆုံးပါက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲနှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သည်။

### အောင်မြင်မှုရရန်ပြင်ဆင်

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်နှင့် နောက်ဆုံးအဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ခြောက်ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ထို့ပြင် ဒီဇင်ဘာတွင် အာဆီယံ တက္ကသိုလ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ပထမဆုံးလက်ခံကျင်းပမည့်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့က အောင်မြင်မှုရရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည့် ပဏာမကစားသမားများအနက် ခြောက်ဦးရွေးချယ်ကာ အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် အခါအားလျော်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုရယူနိုင်ခြင်း မရှိသေးပေ။ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် ပဏာမကစားသမားများတွင် အတွေ့အကြုံရှိသည့် ကစားသမားများအဖြစ် လုလုစံနှင့် ယောစိမ်းယတို့နှစ်ဦးသာ ပြန်ပါလာပြီး ကျန်ကစားသမားအများစုမှာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်လာသည်မှာ နှစ်အနည်းငယ်သာ ရှိသေးသည်။

### အကောင်းဆုံးယှဉ်ပြိုင်မှာဖြစ်

"ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာပြိုင်ပွဲသုံးခုအတွက် လေ့ကျင့်ပြင်ဆင်နေတာဖြစ်ပါတယ်။ အာရှအားကစားပြိုင်ပွဲကို ဆုတံဆိပ်ရဖို့အပြင် အတွေ့အကြုံရဖို့ အဓိကယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့က အခုမှပြန်ပြီး ပြင်ဆင်နေတဲ့ အနေအထားဖြစ်တာကြောင့် လူငယ်ကစားသမားတွေများပြီး အတွေ့အကြုံနည်းပါတယ်။ ကျွန်တော်တို့အနေနဲ့ မြားပစ်အားကစားနည်း ပြန်လည်အောင်မြင်လာဖို့ ရေတို၊ ရေရှည်စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပြီး လူငယ်ကစားသမားတချို့ကို စေလွှတ်တာကလည်း အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ဖြစ်ပါတယ်။ အာရှအားကစားပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်မှာဖြစ်ပြီး ဆုတံဆိပ်ရဖို့က တော်တော်လေး ကြိုးစားရမှာပါ" ဟု မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ပြောသည်။

ပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့တွင် နည်းပြချုပ်အဖြစ် မစ္စတာ ယွန်ဖြောင်ဆန်း၊ မြန်မာနည်းပြများအဖြစ် ဦးလင်းနိုင်နှင့် ဒေါ်မြတ်သူဇာမြင့်၊ ကစားသမားများအဖြစ် Compound အမျိုးသား- ဇင်သူရိန်မှူး၊ အမျိုးသမီး-လုလုစံ၊ ယောစိမ်းယ၊ စုစုလှိုင်၊ Recurve အမျိုးသား- ထိုက်လင်းဦး၊ အမျိုးသမီး- သီတာနွယ်တို့ ပါဝင်ကြသည်။ ။



မြန်မာမြားပစ်အားကစားသမားများ အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်နေစဉ်။

**"မြန်မာမြားပစ်အဖွဲ့သည် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည့် ပဏာမကစားသမားများ အနက် ခြောက်ဦး ရွေးချယ်ကာ အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်"**

# Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ ယနေ့ ဆက်လက်ကျင်းပမည်

**မန္တလေး ဩဂုတ် ၂**

မန္တလေးမြို့၌ ကျင်းပလျက်ရှိသည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းသည် အဖွင့်ပွဲအနိုင်ရထားသည့် ဘာရိန်း ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဒုတိယနေ့အဖြစ် ညနေ ၃ နာရီတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အဖွင့်ပွဲတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းကို ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန်လိုအပ်နေသည်။ ဘာရိန်း ယူ-၂၃ အသင်းသည် ပထမပွဲတွင် ထိုင်း ယူ-၂၃ အသင်းကို အနိုင်ရထားသောကြောင့် ယခုပွဲ အနိုင်ရလျှင် ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲကစားရဖွယ် ရှိနေသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် ယခုပြိုင်ပွဲအား ကျင်းပခြင်းဖြစ်ပြီး ခြေစွမ်းမြင့်မားသည့် အသင်းများ ပါဝင်နေရာ ရလဒ်ထက် အတွေ့အကြုံရရန်နှင့် ပြင်ဆင်မှုအတွက်သာ အဓိကယှဉ်ပြိုင်နေခြင်းဖြစ်သည်။ တောင်ကိုရီးယားနှင့်ပွဲတွင် မြန်မာအသင်းသည် လေးဂိုးပြတ်ရှုံးနိမ့်နေပြီးမှ သုံးဂိုးပြန်သွင်းနိုင်ခဲ့ရာ မြန်မာအသင်း၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နှင့် ပွဲချိန်ပြည့်ကြိုးစားအားထုတ်မှုတို့ကို တွေ့မြင်ခဲ့ရသလို အားနည်းချက်များကို ရှင်းလင်းစွာတွေ့မြင်ခဲ့ရသည်။

ထို့ကြောင့် နည်းပြချုပ် အန်တွမ်နီဟေးအနေဖြင့် လိုအပ်ချက်၊ အားနည်းချက်များကို အချိန်မီပြင်ဆင်နိုင်ရန် လုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးက "ကျွန်တော်တို့အနေနဲ့ အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အခုပြိုင်ပွဲကို ယှဉ်ပြိုင်ကစားတာ ဖြစ်ပါတယ်။ ဒါကြောင့် အသင်းရဲ့ ကစားကွက်၊ ကစားသမားတွေရဲ့ခြေစွမ်းကို စမ်းသပ်သွားမှာပါ။ တောင်ကိုရီးယားနဲ့ပွဲမှာ လူငယ်ကစားသမားတွေကို အသုံးပြုခဲ့တာကလည်း ကစားသမားတွေကို စမ်းသပ်ချင်တဲ့အပြင် ဒီပြိုင်ပွဲမှာ ကစားသမားအားလုံး အသုံးပြုမှာပါ။ ကစားသမားအားလုံးရဲ့ ခြေစွမ်းကိုသိမှ ပြိုင်ပွဲအတွက် အပြီးသတ်ရွေးချယ်ရမှာ အဆင်ပြေမှာပါ။ ပွဲထွက်လူစာရင်းကို အပြောင်းအလဲတချို့ပြုလုပ်ဖို့ရှိပြီး အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ကြိုးစားမှာပါ"ဟု ပြောကြားခဲ့သည်။

**ညီမြတ်သော်တာ**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၀၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၅၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၆ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၈ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၇၅ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၉ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၈ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၁ · ၃၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၀၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## ဂွါဒီယိုလာရဲ့ မိုးပြာရောင်တွေလွှမ်းမိုးမယ့်

# ကွန်မြူနတီည

● အောင်က



ပရီမီယာလိဂ်ရာသီမစခင် ရာသီကြိုကစားရတဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲကို ဩဂုတ် ၅ ရက်နေ့မှာ ကစားမှာဖြစ်ပါတယ်။ ဒီနှစ်ရာသီရဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာတော့ ပရီမီယာလိဂ် ချန်ပီယံမန်စီးတီးအသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံ ချယ်လ်ဆီးအသင်းတို့ တွေ့ဆုံကစားရမှာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မန်နေဂျာ ဂွါဒီယိုလာရဲ့လက်အောက်မှာ ဒုတိယရာသီအဖြစ်ရှိနေပြီး ပြီးခဲ့တဲ့ရာသီမှာတော့ ပရီမီယာလိဂ်ဆုဖလားကို စံချိန်တင်ရမှတ်တွေနဲ့ ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာဂွါဒီယိုလာရဲ့လက်အောက်မှာတော့ တိုးတက်မှုတွေနဲ့အတူ ပြိုင်ဘက်အသင်းတိုင်းက သတိထားရတဲ့အသင်းအဖြစ်ရှိနေတာကိုလည်းတွေ့မြင်ခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းကတော့ မန်နေဂျာ ကွန်တီကို ထုတ်ပယ်ပြီး နာပိုလီနည်းပြဆာရီကို ခန့်အပ်ထားတာကြောင့် အသင်းရဲ့ ကစားကွက်ဟန်တွေကတော့ အနည်းငယ်ပြောင်းလဲမှုရှိလာနိုင်ပါတယ်။ ဆာရီဟာ နာပိုလီအသင်းကို ဥရောပထိပ်တန်းအသင်းတွေကြား ထင်ရှားအောင် လုပ်ဆောင်နိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရာသီအစမှာ ပထမဦးဆုံး တွေ့ဆုံကြမယ့် မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲကတော့ စိတ်ဝင်စားစရာကောင်းလွန်းသလို ပြိုင်ဆိုင်မှုပြင်းထန်မယ့် ပွဲတစ်ခုဖြစ်လာမှာ သေချာပါတယ်။

### မန်စီးတီးရဲ့ အနေအထား

မန်စီးတီးအသင်းရဲ့လက်ရှိအခြေအနေကတော့ အကောင်းဆုံးရှိနေတယ်လို့ မဆိုသာဘူး။ ပြီးခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားမှာပါဝင်ကစားခဲ့တဲ့ကစားသမားတွေထဲမှာတော့ မန်စီးတီးအသင်းကစားသမားတွေကအများဆုံးပါဝင်ခဲ့တယ်။ ဒါကြောင့်လည်းကစားသမားတော်တော်များများဟာ အခုအချိန်အထိ အသင်းကိုပြန်မလာနိုင်သေးဘဲ အနားယူနေတုန်း ဖြစ်တယ်။ ဒါကြောင့်လည်း မန်စီးတီးအသင်း မန်နေဂျာဂွါဒီယိုလာကိုယ်တိုင်က အခုလို အခြေအနေမျိုးဟာ နည်းပြတိုင်းအတွက်တော့ အခက်တွေ့စရာလို့ ပြောခဲ့တာလည်း ဖြစ်ပါတယ်။ မန်စီးတီး အသင်းဟာ လက်ရှိခြေစမ်းပွဲတွေမှာတော့ လူငယ်ကစားသမားတွေကိုသာ အဓိက အသုံးပြုခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အစောဆုံး ခြေစွမ်းပွဲနှစ်ပွဲမှာတော့ အရှုံးနဲ့ရင်ဆိုင်နေခဲ့ရပါတယ်။

ကစားသမားသစ် မာရက်ဇ်၊ ဘာနာဒို ဆေးလ်ဗား တို့ရဲ့ ခြေစွမ်းပြမှုတွေနဲ့အတူ ဘိုင်ယန်မြူးနစ်အသင်းနဲ့ပွဲမှာတော့ နိုင်ပွဲရခဲ့ပါတယ်။ ဒါ့အပြင် အသင်းရဲ့ လူငယ်ကစားသမားတွေနဲ့ ဝါရင့်ကစားသမားတွေဟာ အနည်းငယ် ဟန်ချက်ညီညီ ကစားလာနိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့်မန်စီးတီးအသင်းဟာ ကစားသမားသစ် မာရက်ဇ်၊ ဘာနာဒိုဆေးလ်ဗားတို့ရဲ့ ခြေစွမ်းပြမှုတွေနဲ့အတူ ဘိုင်ယန်မြူးနစ်အသင်းနဲ့ပွဲမှာတော့ နိုင်ပွဲရခဲ့ပါတယ်။ ဒါ့အပြင်အသင်းရဲ့ လူငယ်ကစားသမားတွေနဲ့ ဝါရင့်ကစားသမားတွေဟာ အနည်းငယ် ဟန်ချက်ညီ ညီကစားလာနိုင်တာကိုတော့တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင်အသင်းရဲ့အဓိကကစားသမားတွေဖြစ်တဲ့ အဂူရို၊ ဂါဘရီရယ်ဂျေဇီး၊ ကွန်ပါနေးတို့လည်းအသင်းနဲ့အတူ လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေပြီဖြစ်တာကြောင့် ဒီပွဲစဉ်မှာတော့ ပါဝင်ကစားနိုင်ဖို့ကတော့ များနေပါတယ်။

### ချယ်လ်ဆီးအသင်းရဲ့ အနေအထား

ချယ်လ်ဆီးအသင်းဟာ နည်းပြဆာရီရဲ့ လက်အောက်မှာတော့ ရလဒ်တွေ မဆိုးဘူးလို့ ပြောရမယ်။ ကမ္ဘာ့ဖလားမှာ ပါဝင်ကစားခဲ့ရတဲ့ အဓိက ကစားသမားတချို့ တစ်ဝက်ကလည်း အသင်းမှာလေ့ကျင့်မှုတွေပြန်လုပ်နေပြီ။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းရဲ့ အင်အားက အနည်းငယ်တောင့်တင်းမှုရှိနေတယ်လို့ပြောရမယ်။ အခုဆိုရင် မိုရာတာ၊ပီဒရိုတို့ကအသင်းနဲ့အတူ ပြန်ကစားနေပြီဖြစ်သလို အသစ်ခေါ်ယူထားတဲ့ဂျော်ဂျင်ဟိုကလည်း ခြေစွမ်းပြကစားနိုင်တာကို တွေ့ရတယ်။ ချယ်လ်ဆီးအသင်းဟာ မန်နေဂျာဆာရီရဲ့လက်အောက်မှာတော့ တိုးတက်မှု ရှိတာကိုတော့ တွေ့မြင်ရပါတယ်။ ဒါကြောင့် ဘောလုံးရေးရာကျွမ်းကျင်သူတွေက ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ်ဆုဖလားကိုတောင် ခြိမ်းခြောက်လာနိုင်တယ်လို့ ဟောကိန်းထုတ်ထားကြပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းဟာ မန်နေဂျာဆာရီရဲ့လက်အောက်မှာ ဘယ်လောက်အထိ တောက်ပလာမလဲဆိုတာကို စောင့်ကြည့်ရဦးမှာလည်း ဖြစ်တယ်။

### သုံးသပ်ချက်

ဒီပွဲဟာ မန်စီးတီးအသင်းမန်နေဂျာဂွါဒီယိုလာအတွက် အဖွင့်လှဖို့အတွက် အနိုင်ကစားဖို့လိုတယ်။ ဒါပေမယ့် အသင်းရဲ့အဓိက ကစားသမားတွေဟာ အနားယူတာကနေ ပြန်လာပြီဆိုပေမယ့် ပွဲပန်းမှုတွေတော့ရှိနေနိုင်တယ်။ ဒါပေမယ့် မန်နေဂျာဂွါဒီယိုလာရဲ့လက်အောက်မှာ မန်စီးတီးအသင်းဟာ အသားကျပြီးသားဖြစ်တာကတော့ အားသာတယ်လို့ပြောရမယ်။ ချယ်လ်ဆီးအသင်းကတော့ မန်နေဂျာဆာရီရဲ့လက်အောက်မှာ ခြေစွမ်းပိုင်းမဆိုးပေမယ့် အသားကျဖို့ကတော့ အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်နေသေးတယ်။ ဒါကြောင့်လည်း မန်စီးတီးနဲ့အတူ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဆုဖလားရယူထားနိုင်ခဲ့တဲ့ ဂွါဒီယိုလာကသာ ကွန်မြူနတီဒိုင်းကို အရယူသွားနိုင်မယ်လို့ ဆိုလိုက်ချင်ပါတယ်။ ။



## ကွင်းလယ်ကစားသမား ကန်တီအား စာချုပ်သစ်ချုပ်ဆိုရန် ချယ်လ်ဆီးအသင်း ကမ်းလှမ်းထား



ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ခံစစ်ကစားသမား အန်ဂိုလိုကန်တီအား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှု ပြုလုပ်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းသည် ကန်တီအား တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၂၉၀၀၀၀ အထိ တိုးမြှင့်ပေးကာ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ချန်ပီယံဆုဖလားရယူနိုင်ခဲ့သူ ကွင်းလယ်ကစားသမား ကန်တီအား ပြင်သစ်ထိပ်တန်းကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းကို ဟန့်တားရန်အတွက် ချယ်လ်ဆီးအသင်းသည် ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကွင်းလယ်ကစားသမား ကန်တီအနေဖြင့် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါက ချယ်လ်ဆီးအသင်းတွင် ၂၀၂၃ ခုနှစ်အထိ ပါဝင်ကစားခွင့်ရရှိမည်ဖြစ်ကာ လက်ရှိ ရရှိနေသည့် လုပ်ခငွေ၏ နှစ်ဆနီးပါး များပြားသည့် လုပ်ခငွေရရှိမည် ဖြစ်သည်။ ချယ်လ်ဆီးအသင်းက ကန်တီအား စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သည့် ငွေကြေးပမာဏသည် လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်း၏ လုပ်ခငွေအများဆုံးရရှိသည့် ကစားသမားအဖြစ် ရပ်တည်နေသူ တောင်ပံကစားသမား ဟာဇက်၏ လုပ်ခငွေထက် ပေါင် ၇၀၀၀၀ ခန့် ပိုမိုများပြားသော ပမာဏဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကွင်းလယ်ခံစစ်ကစားသမား ကန်တီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၄၈ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ပစ်မှတ်ထားခြင်းခံနေရသူ ဘယ်လ်ဂျီယံကစားသမား ဟာဇက်ကိုလည်း စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းမှု ပြုလုပ်ထားသည်။ ချယ်လ်ဆီးအသင်း မန်နေဂျာ ဆာရီသည် ကန်တီ၊ ဟာဇက်တို့အပြင် ရီးရဲမက်ဒရစ်အသင်း၏ စိတ်ဝင်စားမှု ခံနေရသူ ချယ်လ်ဆီးဂိုးသမား ကော့တွိုက်စ်ကိုလည်း အသင်းတွင် ဆက်ရှိနေရန် လိုလားမှုရှိနေသူဖြစ်သည်။

**ထက်အောင်**

# ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ရောက်ရှိလာတဲ့ ကာဒစ်ဖ်နဲ့ ဖူလ်ဟမ်

ဝေမိုးဆက်

**၂၀၁၈-၁၉ ပရီမီယာလိဂ်ပြိုင်ပွဲကြီးကိုလာမယ့် ဩဂုတ် ၁၀ ရက်မှာ စတင်ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိခဲ့တဲ့ တန်းတက်အသင်းတွေအကြောင်းကို သုံးသပ်ပေးနေခဲ့ရာမှာ ဒီတစ်ပတ်မှာတော့ ကျန်နေသေးတဲ့ ဖူလ်ဟမ်နဲ့ ကာဒစ်ဖ်တို့အကြောင်းကို မိတ်ဆက်ပေးလိုက်ပါတယ်။**

## ကာဒစ်ဖ်

ဝေလအခြေစိုက် ကာဒစ်ဖ်ဟာ မနှစ်က လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဒုတိယနေရာရယူနိုင်ခဲ့လို့ တန်းတက်ခွင့် ရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ ကလပ်သက်တမ်း ၁၁၉ နှစ်အတွင်း အချိန်အများစုကိုတော့ အောက်တန်းလိဂ်တွေမှာသာ အချိန်ကုန်ခဲ့ရပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း တစ်ရာသီသာပါဝင်ယှဉ်ပြိုင်ခဲ့ဖူးကာ အဆိုပါ ၂၀၁၃-၁၄ ရာသီမှာ အမှတ်ပေးဇယားအောက်ဆုံးမှာသာ ရပ်တည်နိုင်ခဲ့ဖူးပါတယ်။ ကလပ် သက်တမ်းအတွင်းမှာတော့ ၁၉၂၀ ပြည့်လွန်နှစ်တွေက အောင်မြင်မှုအရှိဆုံးဖြစ်ခဲ့ပြီး အက်ဖ်အေဖလားနဲ့ ကွန်မြူနတီဒိုင်းတို့ကို ၁၉၂၅၊ ၁၉၂၇ တို့မှာ အရယူနိုင်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်လွန်နှစ်တွေမှာလည်း ကာဒစ်ဖ်တို့ ခြေစွမ်းပြန်လည်တိုးတက်ခဲ့ပြီး ၂၀၀၈ ခုနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲ၊ ၂၀၁၂ ခုနှစ်မှာ လိဂ်ဖလားဗိုလ်လုပွဲတို့ကိုရောက်ခဲ့သေးပေမယ့်လည်း ဗိုလ်စွဲအောင်တော့ စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပါဘူး။

ဒါပေမယ့် မနှစ်က ကာဒစ်ဖ်ရဲ့ခြေစွမ်းကတော့ တည်ငြိမ်ခဲ့တယ်လို့ဆိုရမှာပါ။ ရာသီတစ်လျှောက်လုံးအဆင့် ၄ အောက်လုံးဝမရောက်ခဲ့ဘဲ ရာသီအဆုံးမှာ ဒုတိယနေရာနဲ့ တိုက်ရိုက်တန်းတက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ သူတို့အနေနဲ့ အဝေးကွင်းအားနည်းမှုတွေရှိခဲ့ပြီးအဝေးကွင်းမှာ ခုနစ်ပွဲတိတိ အရေးနိမ့်ခဲ့ရပေမယ့် ကူနင်ဂန်လိုအတွေ့အကြုံရှင် ကစားသမားကိုအားဖြည့်နိုင်ခဲ့သလို ဝါရင့်ဂိုးသမားအဲလက်စမစ်၊ လူငယ်ကစားသမားကောင်းတွေဖြစ်တဲ့ ဘော်ဘီရိဒ်နဲ့ မာဖီတို့ကိုလည်း ခေါ်ယူထားနိုင်တာကြောင့် စုဖွဲ့မှုကတော့ မနှစ်ကထက် ပိုမိုတောင့်တင်းလာပါတယ်။

ဒါ့အပြင် လက်ရှိ ကာဒစ်ဖ်မန်နေဂျာ နေးလ်ဝါးနော့ကလည်း ဝါရင့် မန်နေဂျာတစ်ဦးဖြစ်သလို ပဲလေ့စ်၊ ကျူပီအာစတဲ့ အင်္ဂလန်ကလပ်အများအပြားကို ကိုင်တွယ်ဖူးကာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာလည်း ကျင်လည်ဖူးသူဖြစ်တာကြောင့် သူ့ရဲ့အတွေ့အကြုံတွေက ကာဒစ်ဖ်အတွက်အားပြုစရာဖြစ်လာမှာလည်း သေချာနေသလို ကာဒစ်ဖ်ဟာ မနှစ်ကရာသီမှာခြေစွမ်းပြပြီး အသင်းအတွက်အရေးပါတဲ့ဂိုးတွေကို သွင်းယူပေးခဲ့တဲ့ တောင်ပံကစားသမားဟိုးလက်ကို အသင်းမှာ ဆက်ထိန်းထားနိုင်ခြင်းကလည်း ကောင်းမွန်မှုတစ်ခုဖြစ်နေပါတယ်။ ဟိုးလက်ဟာ မနှစ်က အသင်းအတွက် စုစုပေါင်း ၁၁ ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့ပြီး ကျူပီအာ၊ ဘလက်ဘန်းတို့နဲ့အတူ ပရီမီယာလိဂ်မှာလည်း ပါဝင်ကစားဖူးတဲ့ အတွေ့အကြုံရှိတဲ့သူလည်း ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ကာဒစ်ဖ်အနေနဲ့ ရာသီသစ်ပရီမီယာလိဂ်မှာ အဆင့်မီစွမ်းဆောင်နိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

## ဖူလ်ဟမ်

၁၈၇၉ ခုနှစ်မှာ အသင်းကို တည်ထောင်ခဲ့ပြီး ကလပ်သက်တမ်း ၁၃၉ နှစ် ရှိပြီဖြစ်တဲ့ ဖူလ်ဟမ်ဟာ ဆုဖလားအောင်မြင်မှု ရယူနိုင်ခြင်းမရှိသေးပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ၁၃ ရာသီတိတိ ကျင်လည်ဖူးတဲ့အသင်းပါ။ ၂၀၀၁-၀၂ ရာသီမှာ ပရီမီယာလိဂ်ကိုရောက်ရှိခဲ့တဲ့ ဖူဟမ်ဟာ ၂၀၁၃- ၁၄ ရာသီအထိ ပရီမီယာလိဂ်မှာ ဆက်တိုက်ကျင်လည်နိုင်ခဲ့တာဖြစ်သလို ၂၀၀၈-၀၉ ရာသီမှာအဆင့် ၇ နေရာမှာရပ်တည်နိုင်တဲ့အထိ ခြေစွမ်းပြနိုင်လို့ ယူရိုပါလိဂ်ပြိုင်ပွဲတွေမှာပါ ပါဝင်ကစားဖူးတဲ့အသင်းဖြစ်ကာ ၂၀၁၀ ပြည့်နှစ် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဒုတိယဆုရယူနိုင်တဲ့အထိ ခြေစွမ်းထက်မြက်ခဲ့ဖူးပါတယ်။

ဒါ့အပြင် ဖူလ်ဟမ်ဟာ မနှစ်က လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ အဆင့် ၃ နေ ရာရခဲ့သလို တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲတွေကစားခဲ့ရာမှာလည်း ဗိုလ်စွဲနိုင်ခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့တာကြောင့် တန်းတက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ခံစစ်ကြောင်းကတော့ ထိပ်ဆုံးရှစ်သင်းထဲမှာ ဒုတိယပေးဂိုးအများဆုံးဖြစ်တဲ့အထိ အားနည်းခဲ့သလို လက်ရှိအချိန်မှာလည်း နိုက်စ်အသင်းရဲ့ကွင်းလယ်ကစားသမား ဆီရီနဲ့ ဗဟိုခံစစ်မှူး မာချန့်တို့နှစ်ဦးကိုသာ ခေါ်ယူထားနိုင်သေးတာကြောင့် သူတို့ရဲ့စုဖွဲ့မှုဟာ ပြည့်စုံမှုရှိပါ့မလားဆိုတာ သံသယဖြစ်စရာဖြစ်နေပါတယ်။

ဒါ့အပြင် လက်ရှိဖူလ်ဟမ်ရဲ့မန်နေဂျာ ဂျိုကာနိုဗစ်ဟာ တစ်ချိန်က ဝက်ဖို့ဒ်ကို ကိုင်တွယ်ဖူးပြီး အခုလို ပရီမီယာလိဂ်အရောက် ပို့ဆောင်ပေးနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်မှာတော့ ဝက်ဖို့ဒ်ကို ဦးဆောင်ခွင့်မရခဲ့ပါဘူး။ ဒါကြောင့်လည်း သူ့အနေနဲ့ ပရီမီယာလိဂ်အစိမ်းသက်သက် သဘောဆောင်နေပါတယ်။

ဖူလ်ဟမ်အနေနဲ့ ဆက်ဆီနွန်ကို ဆက်ထိန်းနိုင်ခြင်းက ကောင်းမွန်မှုတစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဆက်ဆီနွန်ဟာ တောင်ပံကနေ ပြိုင်ဘက်ခံစစ်ကို အကောင်းဆုံးထိုးဖောက်အဆုံးသတ်နိုင်သူဖြစ်ပြီး မနှစ်က ဖူလ်ဟမ်အတွက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူပါ။ သူ့ရဲ့သွင်းဂိုးတွေဟာ ဖူလ်ဟမ်အသင်းတန်းတက်နိုင်ဖို့အတွက် ခိုင်မာတဲ့အထောက်အပံ့ဖြစ်ခဲ့တာမှန်ပေမယ့် သူဟာ ၁၈ နှစ်သာရှိသေးတဲ့အတွက် ပရီမီယာလိဂ်လို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လိဂ်မှာ ခြေစွမ်းပြနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာ ဖြစ်နေပြီး အားဖြည့်မှုနည်းပါးခြင်းကလည်း ဖူလ်ဟမ်အတွက် အခက်အခဲတစ်ရပ်ဖြစ်နေတယ်လို့သာ ဆိုရမှာ ဖြစ်ပါတယ်။ ။





| ဖူလ်ဟမ်အသင်းမှတ်တမ်း | |
|---|---|
| တည်ထောင်သည့်နှစ် | - ၁၈၇၉ (၁၃၉ နှစ်) |
| အိမ်ကွင်း | - Craven Cottage |
| ဝင်ဆံ့မှု | - ၂၅၇၀၀ ဦး |
| မန်နေဂျာ | - ဂျိုကာနိုဗစ် |
| ကပ္ပတိန် | - တွန်ကိုင်နေး (ကွင်းလယ်) |

| ကာဒစ်ဖ် အသင်း မှတ်တမ်း | |
|---|---|
| တည်ထောင်သည့်နှစ် | - ၁၈၉၉ (၁၁၉ နှစ်) |
| အိမ်ကွင်း | - Cardiff City Stadium |
| ဝင်ဆံ့မှု | - ၃၃၂၈၀ ဦး |
| မန်နေဂျာ | - နေးလ်ဝါးနော့ |
| ကပ္ပတိန် | - မောရစ်ဆင် (ခံစစ်) |

| အောင်မြင်မှုများ | |
|---|---|
| အက်ဖ်အေဖလားချန်ပီယံ | - ၁ ကြိမ် |
| ကွန်မြူနတီဒိုင်း | - ၁ ကြိမ် |

## ရော်နယ်ဒိုအား ဂျူဗင်တပ်စ်အသင်း ခေါ်ယူခဲ့ခြင်းသည် စွန့်စားမှုဖြစ်သည်ဟု နာပိုလီ အသင်းဥက္ကဋ္ဌ မှတ်ချက်ပြု

ဂျူဗင်တပ်စ်အသင်းအနေဖြင့် ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ငွေကြေးအရင်းအနှီးများစွာဖြင့် ခေါ်ယူခဲ့ခြင်းသည် စွန့်စားမှုတစ်ခုသာဖြစ်ကြောင်း နာပိုလီအသင်းဥက္ကဋ္ဌ အော်ရီလီယိုဒီလော်ရန်တစ်က ဝေဖန်ပြောဆိုလိုက်သည်။



ဂျူဗင်တပ်စ်အသင်းသည် ရော်နယ်ဒို (၃၃နှစ်) အား ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့် ရီးရဲမက်ဒရစ်အသင်းထံမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရော်နယ်ဒိုအနေဖြင့် ဂျူဗင်တပ်စ်အသင်းတွင် ရရှိမည့် လုပ်ခငွေသည် ရီးရဲအသင်းတွင် ရရှိခဲ့သော လုပ်ခငွေထက် လျော့နည်းမည်ဖြစ်သော်လည်း သတင်းများအရ ဂျူဗင်တပ်စ်အသင်းသည် ရော်နယ်ဒိုအား တစ်နှစ်လုပ်ခငွေအဖြစ် ယူရို သန်း ၃၀ ပေးချေရမည်ဖြစ်ကာ အဆိုပါ လုပ်ခငွေသည် ဂျူဗင်တပ်စ်အသင်း၏ အခြားထိပ်တန်းကစားသမားများ၏ လုပ်ခငွေထက် အဆများစွာ သာလွန်နေသည်ဟုဆိုသည်။

နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်က “ကလပ်အသင်းတစ်သင်းဟာ ကစားသမားတစ်ဦးအတွက် အထူးသဖြင့် ကစားသမားဘဝ နိဂုံးပိုင်းကို ရောက်နေပြီဖြစ်တဲ့ ကစားသမားတစ်ဦးအတွက် ငွေကြေးအများအပြား သုံးစွဲခြင်းက တကယ့်ကို အန္တရာယ်ကြီးပါတယ်။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ရော်နယ်ဒိုကို ခေါ်ယူခဲ့တာဟာ စီးပွားရေးအရ အောင်မြင်မှု ရချင်လို့လား ဒါမှမဟုတ် အားကစားဆိုင်ရာ အောင်မြင်မှုရချင်လို့လားဆိုတာကို ကျွန်တော် သိချင်မိတယ်။ တကယ်လို့ ကလပ်အသင်းတစ်သင်းဟာ ကစားသမားတစ်ဦးကို များပြားလွန်းတဲ့ လုပ်ခငွေ ပေးချေမှု စတင်ခဲ့မယ်ဆိုရင် အနေးနဲ့ အမြန်ဆို သလို အဲဒီအသင်းပေါ် ဆန့်ကျင်မှုတွေ ဖြစ်ပေါ်လာပါလိမ့်မယ်”ဟု ပြောဆိုခဲ့သည်။

ချန်ပီယံလိဂ်ချန်ပီယံဆုဖလားကို စုစုပေါင်း ငါးကြိမ် ရယူထားနိုင်ခဲ့သူ ရော်နယ်ဒိုအား ခေါ်ယူခြင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရလိုသည့် ဂျူဗင်တပ်စ်အသင်း၏ ရည်မှန်းချက်ကို ပိုမိုနီးစပ်လာစေရန် ဖြစ်သည်ဟု ဂျူဗင်တပ်စ်အသင်းတာဝန်ရှိသူများက ပြောဆိုထားသည်။ **ထက်အောင်**

## ရော်နယ်ဒို၏ နေရာအား ဂါရတ်ဘေးလ် အစားဝင်နိုင်လိမ့်မည်ဟု ရီးရဲအသင်းနည်းပြ ပြောဆို

ယခု နွေရာသီဈေးကွက်ကာလအတွင်း ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူ ခရစ္စတီယာနိုရော်နယ်ဒို ပြောင်းရွှေ့သွားခဲ့ပြီးနောက် ဖြစ်ပေါ်လာသည့်ကွက်လပ်အား ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ် အစားထိုးဖြည့်ဆည်းနိုင်လိမ့်မည်ဖြစ်ကြောင်း ရီးရဲအသင်းနည်းပြ ဂျူလန်လိုပီတီဂူက ထုတ်ဖော်ပြောဆိုလိုက်သည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ် (၂၉နှစ်) သည် ရီးရဲအသင်းနည်းပြအဖြစ် ဇီဒန်းတာဝန်ယူခဲ့စဉ်ကာလအတွင်း ပွဲထွက်ကစားသမားစာရင်း၌ ပါဝင်ရန် ရုန်းကန်ခဲ့ရသူဖြစ်ကာ ၂၀၁၇-၁၈ ခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ဗိုလ်လုပွဲအပြီးတွင် မိမိအနေဖြင့် ပွဲထွက်ကစားခွင့်ရရှိရန် ဆန္ဒပြင်းပြနေကြောင်း ဖွင့်ဟပြောဆိုခဲ့သူဖြစ်သည်။

နည်းပြ လိုပီတီဂူက “ရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်းရဲ့သမိုင်းကြောင်းမှာ အဓိကကျခဲ့တဲ့ ကစားသမားတွေအနက်ကတစ်ဦး ဖြစ်ပါတယ်။ သူက ရီးရဲအသင်းကနေ ထွက်ခွာချင်တယ်လို့ ကျွန်တော်တို့ကို အသိပေးပြောဆိုခဲ့ပြီး သူ့ရဲ့ဆန္ဒကို ကျွန်တော်တို့ လိုက်လျောခွင့်ပြုပေးခဲ့တယ်။ ဂါရတ်ဘေးလ်ကလည်း အရည်အချင်းများစွာရှိတဲ့ အံ့ချီးဖွယ်ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ ရော်နယ်ဒိုထွက်ခွာသွားလို့ ရီးရဲအသင်းမှာ ဖြစ်ပေါ်လာတဲ့ ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မယ်”ဟု ပြောဆိုခဲ့သည်။

ဂါရတ်ဘေးလ်အား မန်ယူနှင့် သူ၏ အသင်းဟောင်း စပါးအသင်းတို့က ပြန်လည်ခေါ်ယူရန် ဆက်သွယ်နေသည်ဟု စပိန်မီဒီယာများက ဖော်ပြမှုကို နည်းပြ လိုပီတီဂူက ငြင်းဆိုခဲ့သည်။ ရီးရဲအသင်းမှ ရော်နယ်ဒို ထွက်ခွာသွားခြင်းသည် ဂါရတ်ဘေးလ်အတွက် အလွန်ကောင်းမွန်သည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု နည်းပြ လိုပီတီဂူက ယူဆထားသည်။



ရီးရဲအသင်း၏ ပထမဆုံးပွဲအဖြစ် ဩဂုတ် ၁၆ ရက်တွင် အက်သလက်တီကိုအသင်းနှင့် ယူအီးအက်ဖ်အေစူပါဖလားပွဲ ကစားရမည်ဖြစ်ကာ စပိန်လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၀ ရက်တွင် ဂီတာဖေးအသင်းအား အိမ်ကွင်းဘာနေဗျူး၌ လက်ခံကစားရမည်ဖြစ်သည်။ **ထက်အောင်**

# သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် သစ်တောကဏ္ဍနှင့် သတ္တုကဏ္ဍလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၈ ဘဏ္ဍာနှစ် (ဒုတိယအကြိမ်) လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီဆောင်ရွက်နိုင်ရန် ကာလရှည်စီမံကိန်းများ၊ ကာလတိုစီမံကိန်းများ၊ နှစ်စဉ်စီမံကိန်းများကို နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ရေးဆွဲပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လက်တွဲညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအဖြစ် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း၊ သဘာဝနယ်မြေများဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပုဂ္ဂလိကဝါးစိုက်ခင်း တည်ထောင်ရန်နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်(ဝါး) တည်ထောင်လိုသူများအတွက် ဝါးစိုက်ခင်းများကို ခွင့်ပြုပေးထားပြီဖြစ်ကြောင်း။

တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုနှင့် ဆင်စွယ်အပါအဝင် ယင်းတို့၏အစိတ်အပိုင်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာသဖြင့် တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်မှု စောင့်ကြည့်ရေးအဖွဲ့တို့၏ နည်းပညာနှင့် ရန်ပုံငွေအကူအညီဖြင့် တောဆင်ရိုင်းထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအား သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တရားမဝင်သစ် ထုတ်လုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ တရားမဝင်ထုတ်လုပ်ရောင်းချမှုများ လျော့နည်းပပျောက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ကျန်ဆက်စပ်ဝန်ကြီးဌာနများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် သစ်တောကဏ္ဍ၌ သစ်ထုတ်ခြင်းကိုလျှော့ချပြီး သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်ထုတ်လုပ်ဆောင်ရွက်စေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံကောင်းများဖလှယ်ကာ အခက်အခဲများကို ညှိနှိုင်းဆွေးနွေးပြီး အဖြေရှာကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများက မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အလိုက် သစ်တောစိုက်ခင်းထူထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုအစီအစဉ်၊ သဘာဝဘေးအန္တရာယ်များ လျော့နည်းစေရေးဆောင်ရွက်မည့် အစီအမံ၊ သတ္တုကဏ္ဍအပေါ် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မည့်အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများကလည်း ဌာန၏လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ရွှေပြည်သာမြို့နယ်၌ ငွေချောင်းသာချောင်းရေကြီးမှုကြောင့် လူ ၄၀၀ ကျော် ရေဘေးသင့်

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် ၂၄ ရပ်ကွက်၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငွေချောင်းသာချောင်းရေမြင့်တက်လာပြီး အိမ်ခြေ ၁၀၀ ခန့် အိမ်ကြမ်းခင်းအထိ ရေများဝင်ရောက်ကာ လူဦးရေ ၄၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုသတင်းရရှိသဖြင့် ရွှေပြည်သာမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ Assault Boat တစ်စင်း၊ Thai Boat တစ်စင်း၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် အိမ်ထောင်စု ၉၃ စုမှ အမျိုးသား ၂၀၂ ဦး၊ အမျိုးသမီး ၂၀၉ ဦး စုစုပေါင်း လူဦးရေ ၄၁၁ ဦးတို့အား ရေဘေး ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ရွှေပြည်သာမြို့နယ် အမှတ် ၂၄ ရပ်ကွက်ရှိ ရွှေမြို့ဝန်ဇီးကုန်း ဘုန်းတော်ကြီးကျောင်းသို့ ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ -MFSD**

## ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးစခန်းသို့ အစ္စရေးသံအမတ်ကြီး ထောက်ပံ့ရေးပစ္စည်းနှင့် အလှူငွေများ လာရောက်လှူဒါန်းပေး

**ပဲခူး ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗုဒ္ဓအသံခမ္မဗိမာန်တွင် ဖွင့်လှစ်ထားရှိသော ပဲခူးတိုင်းဒေသကြီး ရေဘေးဆိုင်ရာ ကွပ်ကဲရေးရုံး၌ ဩဂုတ် ၂ ရက် နံနက် ၉ နာရီက အစ္စရေးသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အစ္စရေးသံအမတ်ကြီးက ငွေကျပ် ၂၉ သိန်းခန့်တန်ဖိုးရှိ ရေသန့်စက်တစ်လုံး၊ ဆန်အိတ် ၇၅ အိတ်၊ Huawei Co.,Ltd မှ ငွေကျပ် ၅၇၆ သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ဦးစိုးပိုင် Paing Family International Co.,Ltd မှ ဆန်အိတ် ၁၄၅ အိတ်၊ ရေသန့် ၁၀၀၀ ကတ်၊ ခေါက်ဆွဲခြောက် ဖာ ၅၀၊ ဦးအောင်ကျော်မိုး IBTC Co.,Ltdမှ ဆန် ၁၄၅ အိတ်၊ ရေသန့် ၁၀၀ ကတ်၊ ခေါက်ဆွဲခြောက် ဖာ ၅၀၊ Grand Royal Group မှ ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆန်၊ ရေသန့်၊ ခေါက်ဆွဲ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မိသားစုက ငွေကျပ် ၃၅ သိန်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်ထမ်းများက ငွေကျပ် ၃၆၀၀၀၀ တို့အား လာရောက်လှူဒါန်းခြင်း ဖြစ်သည်။

အစ္စရေးသံအမတ်ကြီးက ရေသန့်စက်အား ပဲခူးမြို့ အနောက်ရွှေနံ့သာကျောင်းတိုက်၊ ကျွန်းသာယာရပ်ကွက် ရေဘေးကယ်ဆယ်ရေး စခန်းတွင် ရေဘေးရှောင်ပြည်သူများကို လက်တွေ့သရုပ်ပြခြင်းများပြုလုပ်ပေးခြင်း၊ ဆန်များ လှူဒါန်းပေးခြင်းများ ပြုလုပ်ပေးကာ အားပေးစကားများပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ခရိုင်ပြန်/ဆက်)**



## ကျောက်ကြီးမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများအား မြို့နယ်ပြန်/ဆက်ရုံးမှ သဘာဝဘေး အသိပညာပေးဆောင်ရွက်

**ကျောက်ကြီး ဩဂုတ် ၂**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဦးစီးမှူး ဒေါ်သော်ဇင်အောင် ဦးဆောင်သော ဌာနရုံးဝန်ထမ်းများအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက် အနော်ရထာလမ်းရှိ မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မရိပ်သာ ဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်း၌ ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခွဲတွင် သဘာဝဘေးအန္တရာယ်အသိပညာပေးဆောင်ရွက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ၊ စာပေ ရေချမ်းစင်စာအုပ်များ ဖြန့်ဝေခြင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ပိုစတာများ ပြသခြင်း၊ အသိပညာဗဟုသုတများရစေမည့် စာအုပ်စာစောင်များ ခင်းကျင်းပြသ ဖတ်ရှုနိုင်စေရန် ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲအား ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်နှင့် မြို့နယ်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး ရေဘေးကယ်ဆယ်ရေးစခန်းမှ ပြည်သူ ၄၀၀ ခန့်အား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

## ဘားအံ-သထုံကားလမ်း ရေကျော်သည့်နေရာတွင် မော်တော်ယာဉ်များအား ကူညီတွန်းပေးသူတစ်ဦး ရေထဲမျောပါ

**ဘားအံ ဩဂုတ် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဆယ်မိုင်ကုန်းကျေးရွာနှင့် ဒုံသမိတံတားကြား ဘားအံ-သထုံကားလမ်း ရေကျော်သည့်နေရာတွင် ဩဂုတ် ၁ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က ထက်ဝေအောင်(၂၄ နှစ်) ဒူရင်းဆိပ်ကျေးရွာ သထုံမြို့နယ်နေသူသည် တစ်ရွာတည်းနေ ဖိုးတစ်ဆုပ်၊ ကျော်ဇင်ထွန်း၊ ဂဏန်း၊ ကိုကိုဦးတို့နှင့်အတူ ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ် ၈/၅ နှင့် ၈/၆ အကြား ကားလမ်းရေအနက်နှစ်ပေခန့် ရေကျော်နေသည့်နေရာတွင် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များအား ကူညီ၍ဝိုင်းတွန်းပေးနေစဉ် အရှိန်လွန်ပြီး လမ်းဘေးရေနက်ရာသို့ ရေစီးဖြင့်မျောပါသွားခြင်းဖြစ်သည်။

**လိုက်လံရှာဖွေလျက်ရှိ**

ဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်ကလေးရဲကင်းမှူးရဲအုပ်ဇော်လင်း၊ ဒုံသမိတံတားလုံခြုံရေးတာဝန်ခံ ရဲအုပ်ကျော်ကျော်ဆန်း၊ ဒေသခံများနှင့် လေ့လုပ်သားများက ရေထဲမျောပါသွားသော ထက်ဝေအောင်အား လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ဇီးကုန်းမြို့နယ် မော်ရရွာ၌ အိမ်မွေးကြက်များ ထူးဆန်းစွာပျောက်ဆုံးမှုကြောင့် ဒေသခံများစိုးရိမ်

**ဇီးကုန်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မော်ရကျေးရွာ၌ ဇူလိုင်လနောက်ဆုံးပတ်က အိမ်မွေးကြက်အကောင် ၄၀ ကျော် နေ့စဉ်ရက်ဆက် သေကျေပျောက်ဆုံးမှုများရှိ၍ ဒေသခံများ စိုးရိမ်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ကြက်တွေကို ညဘက်ဆိုရင် သတ္တဝါတစ်ကောင်က လာပြီးစားသွားတဲ့ပုံစံမျိုးနဲ့ အမွေးတွေကျွတ်ပြီး သေနေတာ၊ ကလီစာတွေ စားသွားတာ၊ အကောင်လိုက်ပါသွားတာတွေရှိတယ်။ ရွာသားအချို့ကတော့ သစ်ကျုတ်သတ္တဝါ၊ ကျားသစ်၊ ခွေးအတွေ လာစားတယ်ဆိုပြီး အမျိုးမျိုးပြောနေကြပေမယ့် ဘယ်သူမှ မြင်တွေ့ရတာတော့ မရှိသေးဘူး။ ရွာထဲကကလေးတွေ ညမထွက်ရဲကြတော့ဘူး၊ မိဘတွေလည်း ညဘက်အလှည့်ကျကင်းစောင့်နေရတယ်"ဟု မော်ရရွာသား ကိုဟိန်းထူးနှင့် ကိုထွန်းထွန်းအေးတို့က ပြောသည်။

မော်ရရွာသည် ဇီးကုန်းမြို့နှင့် တစ်မိုင်ကျော်ကွာဝေးပြီး ပဲခူးရိုးမမှ စီးဆင်းလာသောချောင်းရေနှင့်အတူမျောပါလာသော တောရိုင်းတိရစ္ဆာန်တစ်ကောင်ဖြစ်နိုင်ကြောင်း ဒေသခံများက ဝေဖန်လျက်ရှိသည်။

**ကိုသက်(ဇီးကုန်း)**

## ဟားခါးမြို့နယ်၌ အသက် ၂၅ နှစ်အောက် ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ

**ဟားခါး ဩဂုတ် ၂**

ချင်းပြည်နယ် အမျိုးသမီးအားကစားကော်မတီနာယကဖလား အသက် ၂၅ နှစ်အောက် ပြည်နယ်တွင်း ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ဟားခါးမြို့ရှိ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဘောလုံးပွဲဖွင့်ပွဲတွင် ချင်းပြည်နယ် အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်ဇကျင်းက ပြည်နယ်တွင်း ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲကို ရည်ရွယ်ချက်ငါးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်နယ်ကိုယ်စားပြု အမျိုးသမီးဘောလုံးလက်ရွေးစင်များ ပေါ်ထွက်လာစေရန်လည်းရည်ရွယ်ကြောင်းနှင့် ပြိုင်ပွဲတွင်အားကစားစိတ်ဓာတ်ထားရှိ၍ သန့်ရှင်းစွာ ယှဉ်ပြိုင်ကစားကြရန်တို့ကို အမှာစကားပြောကြားသည်။ ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြိုင်ပွဲဝင်ဘောလုံးအသင်းများအား ထောက်ပံ့ကြေးများပေးအပ်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှစ၍ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မြို့နယ်များမှ အသင်းပေါင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဖွင့်ပွဲနေ့တွင် ပထမပွဲစဉ်အဖြစ် ဟားခါးကောလိပ်အသင်းနှင့် ဂျီတီအိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကျောင်း နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကျောင်း၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ဩဂုတ် ၁ ရက်က တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး ပြည်ပပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများရရှိခဲ့သော လေ့လှော်၊ ဘောလုံး(အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ရွက်လှေနှင့် (၁၀)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် ဆုရရှိသောစားပွဲတင် တင်းနစ်အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိကြသော အားကစားသမားများနှင့် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးဝင်းနှင့် ဦးစိုးသိန်းတို့က အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ကာကွယ်တားဆီးရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော MPT Myanmar National League U-20 2018 ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(ခ) အသင်းမှ အသင်းခေါင်းဆောင်နှင့် အုပ်ချုပ်သူတို့က ချန်ပီယံဆုဖလားကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးစိုးအောင်ထံ အပ်နှံခဲ့သည်။

**အေကေလင်း**

## သတင်းတိုများ

### ဒီးမော့ဆို၌စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားလာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက်က ထီးဖိုးကလိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးတင်မောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုးနိုင်က ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု စသောသိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**ရီရယ်(ဒီးမော့ဆို)**

### စဉ့်ကူး၌အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ကယ်ပြင်သင်တန်းဖွင့်

စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို ဩဂုတ် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောမြင့်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇောနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းသားများအား သင်တန်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းစာအုပ်များပေးအပ်ခဲ့သည်။ အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို စာတွေ့လက်တွေ့တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ကိရိယာတပ်ဆင်ရေး မြိတ်မြို့၌ ညှိနှိုင်းဆွေးနွေး

**မြိတ် ဩဂုတ် ၂**



မြိတ်မြို့နယ်အတွင်းမှ ကမ်းဝေးငါးဖမ်းရေယာဉ်များ

၂၀၁၈-၂၀၁၉ ငါးဖမ်းရာသီတွင် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း လုပ်ကိုင်နေကြသော ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး၌ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ(Vessel Monitoring System-VMS)များ တပ်ဆင်မှသာလျှင် သက်တမ်းတိုးမြှင့်လိုင်စင်ထုတ်ပေးမည်ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားလာသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ခရိုင်အတွင်းရှိ လှေပိုင်ရှင်၊ ကုမ္ပဏီများ၊ အေးဂျင့်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဩဂုတ် ၁ ရက်က မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ (Vessel Monitoring System- VMS) တပ်ဆင်လိုက်ခြင်းဖြင့် အကျိုးရလဒ်က မိမိ၏ငါးဖမ်းလှေဟာ ဘယ်ငါးဖမ်းကွက်မှာ ရောက်ရှိနေသည်ကို လှေပိုင်ရှင်များက သိရှိနိုင်သလို သက်ဆိုင်ရာဌာနများကလည်း သိရှိနိုင်ပါတယ်။ ဖမ်းဆီးရမိသည့်ငါးများရဲ့ Data များကိုလည်း တိတိကျကျ သိရှိနိုင်မှာဖြစ်ပါတယ်။ ငါးဖမ်းလှေဟာ ကန့်သတ်နယ်မြေကို ကျူးကျော်ဝင်ရောက်နေရင် ချက်ချင်းသိနိုင်ပြီး အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်လို့ ငါးဖမ်းရေယာဉ်များ ပရမ်းပတာလုပ်လို့မရဘဲ စည်းစနစ်ကျကျ စည်းကမ်းရှိရှိ လုပ်ရမှာဖြစ်ပါတယ်။ စည်းကမ်းဥပဒေချိုးဖောက်ရင်လည်း ချက်ချင်းအရေးယူဆောင်ရွက်နိုင်အောင် အဖွဲ့တွေဖွဲ့ပြီးလုပ်ထားတဲ့အတွက် အင်မတန်ကောင်းပါတယ်။ ငါးသယံဇာတထိန်းသိမ်းဖို့အတွက် ကောင်းသလို ရေရှည်မှာလည်း ငါးလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အများကြီး အထောက်အကူဖြစ်ပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းမောင်က ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်သည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာတပ်ဆင်ခြင်းနှင့် သတင်းအချက်အလက် လစဉ်ပေးပို့ကြည့်ရှုခြင်း နှုန်းထားများကို ရေယာဉ်ပိုင်ရှင်များက ပေးဆောင်နိုင်ခြင်း ရှိ မရှိနှင့် မိမိအစီအစဉ်နှင့်တပ်ဆင်မည် သို့မဟုတ် ချေးငွေရယူတပ်ဆင်မည် စသည်တို့ကို ရေယာဉ်ပိုင်ရှင်များထံမှ သဘောထားများ တောင်းခံခြင်းကိုလည်း အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်။

ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နေပြည်တော်တွင် ပြုလုပ်ပြီးဖြစ်ကာ ကမ်းရိုးတန်းရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေလုပ်ငန်းရှင်ကိုယ်စားလှယ်များပါဝင်သော ကော်မတီများဖွဲ့စည်း၍ အဆိုပါကော်မတီများဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာတပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကုန်ကျငွေလျာထားချက်အနေဖြင့် ယူရိုသန်း ၇၀ ရှိကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာတပ်ဆင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးတင်ရှန်၊ ဥက္ကဋ္ဌ ဦးလှသန်း၊ အတွင်းရေးမှူး ဦးသက်စိုး၊ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းမောင်တို့က ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော လှေပိုင်ရှင်၊ ကုမ္ပဏီ၊ အေးဂျင့်များ တက်ရောက်ကြပြီး ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာနှင့် လိပ်လွတ်မြောက်ရေးကိရိယာ (Turtle Excluder Device –TEDs)များ တပ်ဆင်ရေးအတွက် အခက်အခဲများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ခိုင်ထူး(မြိတ်)**

# ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ ပြုပြင်နေစဉ်အတွင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်နိုင်

**မြစ်ကြီးနား ဩဂုတ် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်များအတွင်းသို့ လျှပ်စစ်ဓာတ်အား တာဝန်ယူဖြန့်ဖြူးပေးလျက်ရှိသည့် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနယ်ပယ်အတွင်း နိုင်ငံတော်နှင့်အကျိုးတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည့် ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ရေလှောင်တမံနှင့် ရေဥမင်တို့အတွင်း စစ်ဆေးခြင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်အမှတ်(၂)၏ Main Ball Valve စစ်ဆေးပြုပြင်ခြင်းကို ဩဂုတ် ၁ ရက်မှ ၁၂ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်စဉ်ကာလအတွင်း ဝိုင်းမော်မြို့နယ်အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို မလိရေအားလျှပ်စစ်မှ အစားထိုးပို့လွှတ်လျက်ရှိခြင်းကြောင့် ပုံမှန်အတိုင်းရှိနေမည်ဖြစ်ပြီး မြစ်ကြီးနားမြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားခွဲရုံ သုံးရုံမှ ပို့လွှတ်လျက်ရှိသည့် ဖီဒါတွင်ပါဝင်သည့် ရပ်ကွက်ကျေးရွာများတွင် လျှပ်ဓာတ်အားနည်းခြင်းကို ကြုံရမည်ဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့ မြောက်ပိုင်းရပ်ကွက်များဖြစ်သည့် မန်ခိန်၊ ရွှေစက်၊ ပလန၊ အာလာမ်နှင့် နောင်နန်းကျေးရွာအုပ်စုများတွင်မူ လိုအပ်လျှင်အများပြည်သူမီးသုံးစွဲမှုများသည့် အချိန်များတွင် ခေတ္တဓာတ်အားဖြတ်တောက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပြင်ဆင်မှုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ မန်နေဂျာ(ဖြန့်ဖြူး) ဦးလအောင်က "ကျွန်တော်တို့ကုမ္ပဏီကို ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်သွားမယ့်အစီအစဉ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမယ့် အစီအစဉ်တွေကို တင်ပြပါဆိုပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက ညွှန်ကြားလာပါတယ်၊ ဘူးဂါးလျှပ်စစ်ကုမ္ပဏီက မလိရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံနဲ့ ချီဖွေငယ်ဓာတ်အားပေးစက်ရုံတွေကထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားတွေကို ဝိုင်းမော်မြို့နဲ့ မြစ်ကြီးနားမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်၊ ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်မှုဆောင်ရွက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှာ အနည်းငယ်ထိခိုက်နိုင်ပါတယ်"ဟု ပြောကြားသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်များတွင် လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၂၀ မဂ္ဂါဝပ်ဝန်းကျင်ရှိပြီး နိုင်ငံတော်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ ၁၀ မဂ္ဂါဝပ်ကို နေ့စဉ်ဝယ်ယူသုံးစွဲနေခြင်းကြောင့် ယခုကဲ့သို့ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံပြင်ဆင်စဉ်ကာလတွင် မီးအားနည်းခြင်း၊ မီးအားမပြည့်မီခြင်းများဖြစ်ပေါ်ပါက လျှပ်စစ်မီးသုံးစွဲသူပြည်သူများအနေဖြင့် မလိုလားအပ်သည့် လျှပ်စစ်အန္တရာယ်များမဖြစ်ပေါ်စေရေး သတိပြုဆင်ခြင်သုံးစွဲသွားရန် လိုအပ်ကြောင်းလည်း သိရသည်။

ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအနေဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများ လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ၁၀ မီတာအရှည်ကွန်ကရစ်ဓာတ်တိုင်များနေရာတွင် ၁၂ မီတာအရှည်ဓာတ်တိုင်များ ပြောင်းလဲစိုက်ထူပေးခြင်း၊ အဆင့်မြင့်ကာဗာအုပ်ကေဘယ်ကြိုးများ လဲလှယ်တပ်ဆင်ခြင်းနှင့် ထရန်စဖော်မာများ လဲလှယ်တပ်ဆင်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝေါမြို့နယ်၌ စစ်တောင်းမြစ်ရေလျှံ၍ အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများတွင် ကျောင်းများပိတ်ထားရ




**ဝေါ ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း စစ်တောင်းမြစ်ရေလျှံ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများသို့ ရေများဝင်ရောက်ကာ စာသင်ကျောင်းများကို ခေတ္တပိတ်ထားရကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁ ရက်အထိ ခေတ္တပိတ်ထားရသည့် စာသင်ကျောင်းပေါင်း ၅၈ ကျောင်းရှိနေပြီး အဆိုပါကျောင်းများ၌ ကျောင်းသားကျောင်းသူ ၉၄၂၀ သင်ကြားလျက်ရှိကြောင်း သိရသည်။ ကျောင်းများကို ရေကျချိန်တွင် ပြန်ဖွင့်မည်ဖြစ်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်သည့် အချိန်တွင် ဥပုသ်နေ့ သို့မဟုတ် တနင်္ဂနွေနေ့များ၌ ပြန်လည်အစားထိုးသင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝေါမြို့နယ်ပညာရေးမှူး ဒေါ်ခင်စု၏ ပြောကြားချက်အရ သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံတွင် ကမ်းပြိုသဖြင့် နေအိမ်များရွှေ့ပြောင်းနေရ

**ရေစကြို ဩဂုတ် ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဆုံရာနေရာတွင် တည်ရှိသည့် အောင်ပန်းချောင်းကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပွားလျက်ရှိသဖြင့် မြစ်ကမ်းပါးအနီးရှိ နေအိမ်များ ရွှေ့ပြောင်းနေကြရပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်း ကျေးရွာနေပြည်သူများ၏ အင်အားဖြင့် ဆောင်ရွက်နေကြရကြောင်း သိရသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဲအိတ်များကို သစ်ကိုင်းသစ်ခက်များနှင့်တွဲချည်ကာ ကမ်းပါးတွင်ချထားကြခြင်းဖြင့် ရေတိုက်စားမှုသက်သာစေရန် ဆောင်ရွက်နေကြရပြီး သဲများထည့်ရန် ပီနန်အိတ်များ၊ သဲအိတ်များနှင့် သစ်ကိုင်းများကို တွဲချည်ရန် ကြိုးများ၊ ပိုက်များ လိုအပ်လျက်ရှိသည်ဟု သိရသည်။

"ကျွန်တော်တို့ရွာမှာ ကမ်းမပြိုတာ နှစ်နှစ်ရှိပြီ၊ ဒီနှစ် ဇူလိုင် ၁၈ ရက်ကမှ ကမ်းစပြိုနေလို့ မြစ်ကမ်းနားနီးတဲ့နေရာက လူနေအိမ်တွေကို ဇူလိုင် ၂၀ရက်ကစပြီး ဖျက်ပြီး ပြောင်းရွှေ့နေရတယ်၊ ဒီနေ့နဲ့ဆို အိမ် ၁၀ လုံး ပြောင်းရွှေ့ထားပြီးပါပြီ၊ ကျွန်တော်တို့ရွာက စည်းလုံးတော့ ကိုယ်ရွာအင်အားနဲ့ကိုယ် ကမ်းပြိုကာကွယ်ရေး လုပ်နေပါတယ်၊ ကမ်းပြိုကာကွယ်ရေးလုပ်တာက ဒီနေ့နဲ့ဆို ငါးရက်ရှိပါပြီ၊ တစ်နေ့ကို ရွာသူ ရွာသားအင်အား ၁၀၀ နဲ့ ကမ်းပြိုကာကွယ်ရေး လုပ်နေကြတာပါ၊ ကမ်းပါးက အရှည်ပေ ၁၀၀၀ လောက်ရှိတော့ လောလောဆယ် သဲထည့်ဖို့အိတ်တို့၊ ကြိုးတို့၊ ပိုက်တို့လိုအပ်နေပါတယ်"ဟုအောင်ပန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောကြား သည်။

ကျေးရွာနေပြည်သူတစ်ဦးဖြစ်သည့် ဦးစံရွှေမြင့်ကလည်း "ကျွန်တော်တို့ရွာက အရင်ကနှစ်တိုင်းကမ်းပြိုတယ်၊ မပြိုတာတော့ ကြားနှစ်နှစ်ရှိသွားပြီ၊ ၂၀၁၂ ကနေ အခုချိန်ထိဆိုရင် ကမ်းပြိုလို့ရွှေ့ပြောင်းရတဲ့ အိမ်ခြေ ၅၀ လောက်ရှိနေပြီ၊ အခုတော့ ကမ်းပြိုသက်သာအောင် ရွာမှာကမ်းပြိုကာကွယ်ရေး လုပ်နေကြပါတယ်၊ အခု လူနေအိမ်တွေနဲ့ မြစ်ကမ်းပါးနဲ့က ပေ ၂၀လောက်ပဲ ဝေးတော့တယ်၊ ထပ်ပြီးကမ်းပြိုဦးမယ်ဆိုရင်တော့ ကမ်းပါးနဲ့နီးတဲ့ အိမ် ၁၅ လုံးလောက်တော့ ထပ်ဖျက်ရဦးမယ်ထင်တယ်"ဟု ပြောသည်။

အောင်ပန်းချောင်းကျေးရွာတွင် အိမ်ခြေ ၃၁၀ ရှိကာ လူဦးရေ နှစ်ထောင်ကျော်ခန့်ရှိပြီး ယခုနှစ်တွင် မြစ်ကမ်းအနီးမှ အိမ် ၁၀ လုံးကို ဘေးလွတ်ရာသို့ဖျက်သိမ်းပြောင်းရွှေ့ထားပြီးဖြစ်ကာ ပြောင်းရွှေ့ရသည့်လူဦးရေမှာ ၅၀ ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



**ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်နေသော ကျေးရွာနေပြည်သူများ။**

# ဘားအံမြို့နယ်မှ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရန် ကွင်းဆင်းကြည့်ရှု

**ဘားအံ ဩဂုတ် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် သံလွင်မြစ်ရေ စံချိန်တင်မြင့်တက်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁ ရက်က သံလွင်မြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာများမှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ပြီး အဆိုပါ ရေဘေးသင့်ကျေးရွာများတွင် ရေကျသွားပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက်လည်း ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးနေသည့်ကျေးရွာများဖြစ်သော ဖားပုကျေးရွာ၊ ခဲထောက်ကျေးရွာ၊ မုက္ကဒိကျေးရွာနှင့် ဖားနွဲ့ကျွန်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြည်နယ်ဝန်ကြီးဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများက အရောက်သွား၍ ရေဘေးသင့်ပြည်သူများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ဆန်၊ ဆီ၊ အာလူး၊ ကြက်သွန်နီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့် စသည့် ပစ္စည်းများကို လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး စိုက်ခင်းများ ရေလွှမ်းမိုးမှုအခြေအနေကိုလည်း ကွင်း ဆင်းကြည့်ရှုမေးမြန်းကာ ရေကျပြီးလျှင် ဌာနဆိုင်ရာ များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပေါ် ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကိုလည်း ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

---


## မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
## အသင်းသားစုံညီအထူးအစည်းအဝေး
## (Extraordinary General Meeting) ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအထူးစည်းအဝေး (Extraordinary General Meeting) အား FLEGT-VPA(Grant)Project ကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေရှင်းလင်းတင်ပြခြင်း၊ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့်အညီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအဖြစ် ပြန်လည်မှတ်ပုံတင်နိုင်ရေး၊ အသင်း၏ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် အသင်းသားရေးရာကိစ္စများ အသင်းသားများသို့ တင်ပြအတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များ(မပျက်မကွက်) တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၁၇-၈-၂၀၁၈ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀နာရီ
ကျင်းပမည့်နေရာ - PANDA Hotel၊ အမှတ် ၂၀၅၊ ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း**



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဒုတိယဦးစီးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၄၂)နေရာ သုတေသနလက်ထောက်-၂(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)(၁)နေရာနှင့် နည်းပြ(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်(ဌာနခွဲ)များ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာန များတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည် အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
  (က) ရုံးချုပ်(ဌာနခွဲများ)
    (၁) သုတေသနလက်ထောက်-၂ — (၁)ဦး
    (၂) နည်းပြ — (၁)ဦး
  (ခ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာန
    (၁) ဒုတိယဦးစီးမှူး — (၄၂)ဦး
    စုစုပေါင်း — (၄၄)ဦး

၂။ ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
  (ခ) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှ B.V.Sc ဘွဲ့ရရှိသူဖြစ်ရမည်။
  (ဂ) ၃၁-၃-၂၀၁၈ရက်တွင် အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
  (ဃ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူဖြစ်ရမည်။
  (င) ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ရမည်။
  (စ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဤဦးစီးဌာန၏ရုံးချုပ်(နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများတွင် ရယူနိုင်သည်။

၄။ စာမေးပွဲကြေး ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မိမိတို့မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ်(MD-၀၁၀၈၃၉)သို့ လျှောက်လွှာပိတ်ရက်မတိုင်မီ ပေးသွင်းရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
  (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
  (ခ) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့် ချလန်မူရင်း
  (ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
  (ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုက်အရွယ် ဓာတ်ပုံ(၃)ပုံ
  (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ ၃၁-၃-၂၀၁၈ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
  (စ) ဘွဲ့လက်မှတ်မိတ္တူ(မူရင်းများကို လူတွေ့စစ်ဆေးသည့်အခါ တင်ပြရမည်)
  (ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
  (ဇ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ကျန်းမာကြောင်းထောက်ခံချက်မူရင်း
  (ဈ) ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိ

၆။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ ၁၇-၈-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်၌ ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ပညာရပ်ဆိုင်ရာနှင့်အထွေထွေဗဟုသုတဘာသာရပ် ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေ စာမေးပွဲကို ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါစာမေးပွဲများ ဖြေဆိုမည့်နေရာနှင့် အချိန်ကို ဖြေဆိုခွင့်ကတ်ပြားထုတ်ယူသည့်နေ့တွင် အကြောင်းကြားပေး မည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၆၇-၄၁၈၅၆၉၊ ၀၆၇-၄၁၈၃၅၆ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



## သတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ငှက်ကြီးဒေါင်-သောင်ခုံလမ်း(မိုင် ၀/၀ မှ ၁၀/၀အထိ) (၁၀)မိုင်အရှည်ရှိသောလမ်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအတွက် အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအင်ဂျင်နီယာလုပ်ငန်းများကို လမ်းဦးစီးဌာနမှသာ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မည်သည့်ပုဂ္ဂလိက ကုမ္ပဏီ/အဖွဲ့အစည်းသို့မျှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားခြင်းမရှိပါ။ ယခုအခါ မသမာသူအချို့သည် ကုမ္ပဏီအမည်အမျိုးမျိုးဖြင့် အဆိုပါလမ်းကို လုပ်ငန်း/တင်ဒါ လုပ်ကိုင်ခွင့်ရရှိသည်ဆို၍ ပြည်သူများ/ကုမ္ပဏီများထံ အစုရှယ်ယာနှင့်တစ်ဆင့်ခံလုပ်ငန်းများ ဖိတ်ခေါ်ကာလိမ်ညာ၍ ငွေတောင်းခံလျက်ရှိကြောင်း သတင်းရရှိပါသည်။ သို့ဖြစ်ပါ၍ ထိုမသမာသူများအား အများပြည်သူများ သတိပြုနိုင်စေရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**



**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(၂) ကော့စံနိုင် တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းအိလှိုင်၏ဖခင်အမည်မှန်မှာ ဦးတင်ထိုက် ၇/သနပ(နိုင်) ၀၅၄၈၅၉ဖြစ်ပါကြောင်း။

**ဦးတင်ထိုက်**



## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဘုရားကြီးပိုင်း(၂)လမ်းနေ ဦးဖြိုးမြင့်ဆွေ(ဘ)ဦးမြင့်ဆွေ ၇/သနပ(နိုင်) ၀၇၃၉၁၄မှာ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးမြင့်ဆွေနှင့်ဒေါ်သက်မာထွေး(ဘ)ဦးချိုလေး ၇/သနပ(နိုင်) ၁၁၂၀၈၃ တို့သည် ၂၀၁၂ခုနှစ်မှစ၍အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ဦးဖြိုးမြင့်ဆွေ အလုပ်သွားရောက်လုပ်ကိုင်နေစဉ်အတွင်း ဒေါ်သက်မာထွေးသည် ငွေကြေးအလွဲသုံးစားပြုမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ဦးဖြိုးမြင့်ဆွေက ဖြေရှင်းပေးရပါသည်။ ထို့ကြောင့် ယနေ့မှစ၍ မည်သည့်ငွေကြေးပြဿနာကိုမျှ ဦးဖြိုးမြင့်ဆွေအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဦးဖြိုးမြင့်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးမြင့်ဆွေ(ဘ)ဦးမြင့်ဆွေ ၇/သနပ(နိုင်) ၀၇၃၉၁၄**
**ဘုရားကြီးပိုင်း(၂)လမ်း၊ သနပ်ပင်မြို့**



**မွေးသက္ကရာဇ်အမှန်**

တနိုင်းမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F) မှ အဖ ဦးကူရှင်ရင်ရမ်၏သမီး မကူရှင်နန်ဂျာ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၈-၂၀၀၁ ဖြစ်ပါသည်။



## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၁၈ ရက်ထုတ် စာမျက်နှာ ၂၆ပါ ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာ၌ တရားပြိုင်နေရာတွင် ဖော်ပြထားသော ဦးအောင်နေဦး အစား ဦးအောင်နေထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ဥယျာဉ်ခြံဟင်းသီး၊ ဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ



စိုက်ပျိုးရေးဦးစီးဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ဖွင့်လှစ်ပို့ချ ပေးသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တောင်သူ များ/ပုဂ္ဂလိက လုပ်ငန်းရှင်များအား တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

သင်တန်းဖွင့်လှစ်မည့်နေရာ - ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း ထုံးဘို၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

သင်တန်းဖွင့်လှစ်မည့်ရက် - ဩဂုတ်လ ၂၉-၈-၂၀၁၈ရက်မှ ၃၁-၈-၂၀၁၈ရက်အထိ
စက်တင်ဘာလ ၂၆-၉-၂၀၁၈ရက်မှ ၂၈-၉-၂၀၁၈ရက်အထိ
အောက်တိုဘာလ ၂၉-၁၀-၂၀၁၈ရက်မှ ၃၁-၁၀-၂၀၁၈ရက်အထိ

**ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၀၆၉၂၊ ၀၉-၃၃၈၅၀၅၉၄၊ ၀၉-၉၆၅၂၄၅၀၉၆၊ ၀၉-၄၂၂၂၉၈၀၆၁

## တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသောဆရာတော်ကြီးနှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း၊ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် (၁)ဦးအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင်များ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ အသက်(၈၀)နှင့်အထက် ကန်တော့ခံဘိုးဘွားများအမည်စာရင်းနှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများအမည်စာရင်းတို့ကို ၁၁-၈-၂၀၁၈ ရက် နောက်ဆုံးထား၍ ဦးစံတင် ဖုန်း-၀၉-၇၉၅၅၆၆၄၁၃၊ ဦးထွန်းသိန်း ဖုန်း-၀၉-၉၇၄၇၇၂၀၈၂၊ ဦးအောင်သာထွန်း ဖုန်း-၀၉-၂၆၄၅၆၉၈၆၉၊ ဦးသန်းရွှေ ဖုန်း-၀၉-၂၅၄၂၇၄၁၈၈၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀၉၁၅၇ တို့ထံတွင် ဆက်သွယ်စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၉-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့)

**ကျင်းပချိန်** - နံနက် ၈း၀၀ နာရီ

**ကျင်းပမည့်နေရာ** - မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်

ကျောင်းရှိသံဃာတော်များ၊ ပင့်သံဃာတော်များနှင့် ဧည့်ပရိသတ်များအား နှစ်ဖက်သောမိဘများအား အမှူးထား၍ သုခမ္မမဏိဇောတရေ ဦးကျော်သူ၊ သုခမ္မသီဂီဒေါ်ဝင်းရွှေစင်မျိုး၊ သားမောင်ခန့်သူဟိန်းမိသားစု 'ရွှေ'အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်မှ ဆွမ်းဆက်ကပ်လှူဒါန်း၍ ကျွေးမွေးဧည့်ခံပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အသိပေးကြေညာချက်

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ RC (၄)ခန်းတွဲ (၆)ထပ်အဆောက်အအုံ(၂၈)လုံး၊ အိမ်ခန်း(၁)ခန်းလျှင် (၆၆၁၈/ပေ)ရှိ အခန်းပေါင်း(၆၇၂)ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား ရောင်းချမည်ဖြစ်ပါသည်။

၂။ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်း ဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို ၂၄-၇-၂၀၁၈ ရက်မှ ၇-၈-၂၀၁၈ ရက်အတွင်း ရုံးပိတ်ရက်များအပါအဝင် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ်(၅၀၀ိ/-)ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တိုက်ခန်းလျှောက်လွှာများကို ၁-၈-၂၀၁၈ ရက်မှ ၁၄-၈-၂၀၁၈ ရက်အတွင်း ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

၃။ မြရည်နန္ဒာတန်ဖိုးမျှတလျှောက်လွှာများကို ၂၆×၂၇ လမ်းကြား၊ ၇၁×၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံတွင် လာရောက်ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၆၀၂၅၂၊ ၀၂-၃၆၁၇၁၊ ၀၂-၃၆၁၇၂၊ လိုင်းခွဲ ဖုန်း-၀၂-၁၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

တောင်သာမြို့၊ နတ်စောင့် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မခင်စောထွေးနှင့် အင်းတဲအလက သတ္တမတန်းမှ မစောအိသွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးမြတ်စိုးခိုင် ၉/တသန(နိုင်)၁၂၉၅၀၉ ဖြစ်ပါကြောင်း။ **ဦးမြတ်စိုးခိုင်**

### မိဘအမည်မှန်

မြစ်သားမြို့နယ်၊ နမ်းခင်းအလက(ခွဲ) သတ္တမတန်းမှ မဝင်းလဲ့ဦးနှင့် Grade-2 မှ မဝေသွယ်ဦးတို့၏ မိဘအမည်မှန်မှာ ဦးထွန်းနိုင်ဦး၉/မသန(နိုင်)၀၉၄၁၇၈-ဒေါ်ဝင်းမာရွှေ ၉/မသန(နိုင်)၀၉၄၁၆၆ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်ဦး-ဒေါ်ဝင်းမာရွှေ**

### ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ သပြေတောင်း အထက နဝမတန်းမှ မောင်ကျော်မျိုးသန့်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၉/မသန(နိုင်)၁၁၃၈၆၁ ဖြစ်ပါကြောင်း။ **ဦးမောင်ကျော်**

## ရောင်းရန်ကြော်ငြာ

### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

### မန္တလေးခရိုင်တရားရုံးတော်

### ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၀

ခရိုင်မန်နေဂျာ နှင့် ၁။ ဒေါ်ကေသီဝင်း

မြန်မာ့စီးပွားရေးဘဏ်(၁) ၂။ ဦးရဲဇာနည်ထွန်း

မန္တလေးမြို့

**တရားနိုင်** **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော် ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချရမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၄/ခ၊ ဦးပိုင် ၈၉၊ ဧရိယာ ၀ဒသမ၀၂၇၅ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၀×၂၅)ပေရှိ နှစ်ထပ်(အထူး)နံကပ်တိုက်နှင့်တွဲလျက်ဘေးဘက်(၁၇×၂၅)ပေရှိ နှစ်ထပ်အာရ်စီပတ်ကားတိုက်အဆောက်အအုံတို့ဖြစ်ပါသည်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀၀ တိတိ။ (ကျပ်သိန်းခြောက်ထောင်တိတိ)**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှသည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ရန်ကုန်) ဗောဓိသစ္စာအလုပ်ပေးတရားစခန်း(ပဉ္စမအကြိမ်) (ဝါတွင်းအထူးတရားပွဲ)

ဖားအောက်တောရ ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ(ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဓမ္မပတိမှ အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်သို့ ဧကန်ထုတ်ချောက် ရောက်ခြင်း၏အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးအကျင့်မြတ်တရားတည်းဟူသော ရှေးဟောင်းလမ်းမြတ်အတိုင်း သီလကျင့်စဉ် သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်နိုင်ရန် အလို့ငှာ (ဝါတွင်းကာလအတွင်း) တတ်သိနားလည်အောင် စနစ်တကျသင်ကြားပေးမှာဖြစ်ပါသည်။

**နေ့ရက်** - ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)မှ ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)အထိ

**အချိန်** - နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ

**နေရာ** - (၉၁/၉၃)၊ သုခလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (သဗ္ဗညုပုထိုးတော်ကြီးအနီးကပ်လျက်)

**ဆက်သွယ်ရန်** - ဖုန်း-၀၉-၄၂၁၀၄၀၃၈၈၊ ၀၉-၇၉၉၉၉၁၀၀၁၊ ၀၉-၅၀၅၅၂၄၅၊ ၀၉-၄၅၅၅၅၇၈၉၇၊ ၀၉-၅၄၁၅၃၄၅

**အလှူရှင်အမည်** -
၁။ သူရဦးတင်လှ၊ ဒေါ်မြမြလွင် မိသားစု
၂။ ဦးအောင်ကျော်၊ ဒေါက်တာအိအိ မိသားစု
၃။ ဒေါက်တာတင်အောင်မိုး၊ ဒေါက်တာကဥ္စနာထွန်း မိသားစု
၄။ ဗိုလ်မှူးချုပ်ကျော်မိုးသက်၊ ဒေါ်စုစုတင် မိသားစု
၅။ ဦးခမ်းအောင်၊ ဒေါ်ကေသွယ် မိသားစု

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၈)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် 6"Ø(ERW) M.S Pipe, 10 Ø (ERW) M.S Pipe, 14"Ø(ERW) M.S Pipe (3) Items ကို မြန်မာ့ကျပ်ငွေ (DDP up to MPPE'S Site, Both Sides of Thanlyin Bridge No.3, Yangon) ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအမှတ်၊ MPPE/LP/MCY/T/1(April to September 2018) အား တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂-၈-၂၀၁၈ ရက်မှစတင်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံအားရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၁၄-၈-၂၀၁၈ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ e-mail/mail ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းအား လက်မခံပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၄၈၇ နှင့် ၀၆၇-၃၄၁၁၁၃၀ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက နဝမတန်းမှ မဇင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးစိန်လွင်ပြေ ၉/တသန(နိုင်)၁၆၇၃၉၁ ဖြစ်ပါကြောင်း။ **ဦးစိန်လွင်ပြေ**

### မိခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ဝါးရုံစုကျေးရွာ (အလက)ကျောင်း ဆဋ္ဌမတန်းမှ မနှင်းနုဝေ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းရွှေ ၉/ပဘန(နိုင်)၁၃၅၇၂၂ ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းရွှေ**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၂) ပန်းစုံကျောင်း ပဉ္စမတန်း(A)မှ မသီရိစံနှင့် တက္ကသိုလ်ဝင်တန်း (C)မှ မသီရိကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျော် ၉/ပဘန(နိုင်)၀၁၀၂၅၁ ဖြစ်ပါကြောင်း။ **ဦးဖိုးကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/2905 Toyota Landcruiser S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ Myanmar Red Cross Society က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၉၄၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးခိုင် ၉/ပတန(နိုင်)၀၀၀၄၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**


**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။

**အိမ်အရောက် ငွေချေမည်၊ ပွဲခပေးရန်မလို**

မညွှန့် 01-2339310,01-2339355,01-578044


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မြို့မ(၄)ရပ်ကွက် ချမ်းမြ(၂) မန္တလေးလမ်း၊ ဒေါ်သန်းခင်၇/ညလပ(နိုင်)၀၈၇၈၈၄ သည် ဖခင်ဦးဂန်းဂရား (ခ)ဦးဂန္ဓယား၊ မိခင်ဒေါ်အုန်းသင်တို့နှင့်အတူ ကွင်းအမှတ်(၁၉၈)ညောင်လေးပင်အနောက်ကွင်း ဦးပိုင်အမှတ်(၃) မြေချိန်ဧရိယာ ၀ ဒသမ ၁၁ဧကရှိ ဦးဂန္ဓယား ပါ(၂)အမည်ပေါက် မြို့မြေပေါ်တွင်နေထိုင်ခဲ့ပြီး မိဘများကွယ်လွန်ပြီးနောက် အဆိုပါမြေကွက်ပေါ်တွင် ဆက်လက်နေထိုင်ခဲ့ရာ နှစ်ပေါင်း(၈၀)ကျော်ရှိပြီဖြစ်ပါသည်။ အထက်ပါ ဦးဂန္ဓယား ပါ(၂)အမည်ပေါက် မြေချိန်ဧရိယာ ၀ ဒသမ ၁၁ ဧကအနက် လက်ရှိနေထိုင်သောမြေဧရိယာ ၀ ဒသမ ၀၈ ဧကရှိမြေကို ပိုင်ဆိုင်မှုလျှောက်ထားမည်ဖြစ်ပါသည်။ ဦးဂန္ဓယား ပါ(၂)အမည်မှ သမီးဖြစ်သူ ဒေါ်သန်းခင်အမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ပိုင်ဆိုင်မှုရှိသူ သမီးဒေါ်သန်းခင်(ဖော်ပြပါလိပ်စာထံ) ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက အမည်ပြောင်းလျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းခင် ဖုန်း-၀၉-၄၂၈၁၆၁၇၁၄**

## မာတာပိတုဂုဏော အနန္တော ဖခင်ကြီး ဦးအောင်လှကျော် (၂၈)နှစ်ပြည့် (၃.၈.၁၉၉၀ - ၃.၈.၂၀၁၈)

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သည်မှာ (၂၈)နှစ်တိတိပြည့်ခဲ့သော်လည်း ဖခင်ကြီး၏ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာတို့ကို တစ်နေ့မှမေ့မရနိုင်ပါ။

ဖခင်ကြီးအသက်ထင်ရှားရှိစဉ်က ဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများကို သားသမီးများက ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။ ဖခင်ကြီးအား ရည်စူး၍ ရက်စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သမျှကုသိုလ်ကောင်းမှုအစုစုတို့ကို ဖခင်ကြီးရရှိခံစား၍ မြင့်မြတ်သော သုဂတိဘုံဘဝမှ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

**ပစ်တိုင်းထောင်မိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ် (သန်လျင်)

### ဒီပလိုမာအပ်နှင်းပွဲကျင်းပမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Business Management Advanced Diploma (BMAD) သင်တန်းအမှတ်စဉ် (၅) (၆)နှင့် Business Management Higher Diploma (BMHD) သင်တန်းအမှတ်စဉ် (၆) (၇) စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဒီပလိုမာလက်မှတ်အပ်နှင်းပွဲသို့ တက်ရောက်ရန် လျှောက်ထားသူများအတွက် ဒီပလိုမာလက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါနေ့ရက်များတွင် ပြောင်းလဲကျင်းပသွားမည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - ၁၈-၈-၂၀၁၈ ရက် (စနေနေ့) နံနက် ၉ နာရီ

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၁၉-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

၂။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁၅-၈-၂၀၁၈ ရက်နှင့် ၁၆-၈-၂၀၁၈ရက်များတွင် သမဝါယမတက္ကသိုလ်(သန်လျင်)၊ စာမေးပွဲဘွဲ့နှင်းဌာနခွဲတွင် ကိုယ်တိုင်လာရောက်ထုတ်ယူရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သမဝါယမတက္ကသိုလ် (သန်လျင်)၊ စာမေးပွဲဘွဲ့နှင်းဌာနခွဲ၊ ဖုန်း-၀၅၆-၂၃၂၅၆ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းရန်ဖြစ်ပါသည်။

**သက်သက်ဝေ**
**မော်ကွန်းထိန်း**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(ခွဲ)၊ အလက (၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်စိုင်းဆိုင်နွမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်နွမ်း ၁၃/ကတန(နိုင်)၀၇၄၄၆၉ ဖြစ်ပါကြောင်း။ **ဦးအိုက်နွမ်း**

### ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ပျဉ်းချောင်းရွာ အထကတက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းထိုက်၊ ပိတ္တောရွာ အလက အဋ္ဌမတန်းမှ မခင်ထွေးဝင်း၊ ကံသာကုန်းရွာ အမက တတိယတန်းမှ မောင်နိုင်လင်းနှင့် KG တန်းမှ မောင်ဉာဏ်လင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှငွေ ၈/ပမန(နိုင်)၀၄၀၉၇၃ ဖြစ်ပါကြောင်း။ **ဦးလှငွေ**

### အမည်မှန်

ဦးယာကုပ်၏သမီး ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ခ) မှ မစတဲလာ၏အမည်မှန်မှာ မစတယ်လာ ၁၃/ကလထ(နိုင်)၀၀၅၃၅၅ ဖြစ်ပါကြောင်း။ **မစတယ်လာ**

### မွေးသက္ကရာဇ်အမှန်

ဆိပ်ဖြူမြို့နယ်၊ ဝန်ကြီးကျေးရွာနေ ဦးမြသန်း၏သား မောင်ခင်မောင်ငွေး ၈/ဆဖန(နိုင်) ၀၈၁၆၀၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၉၅ ဖြစ်ပါကြောင်း။ **၂၀-၅-၁၉၉၅**

### အမည်မှန်

ဦးနေဟာမိ၏သမီး ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ဂ) မှ မဇာလိုမိ၏ အမည်မှန်မှာ မနာရှာလိုမိ ၁၃/ကလထ(နိုင်)၀၀၅၃၅၇ ဖြစ်ပါကြောင်း။ **မနာရှာလိုမိ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင်မောင်သန်း ၁၀/သဖရ(နိုင်)၁၃၆၁၆၉ ၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၅၀၅၉၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ HTUN TAUK (H.T)Plastic Printing Co.,Ltd၏ သွင်းကုန်ထုတ်ကုန် 130150 6/22/2015 OT Monosodium Glutamate နှင့် ပတ်သက်သော စာရွက်စာတမ်းမူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၆၁၉၁၁၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅/၂-၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၁၉)၊ ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေကွက်အား ဦးသိန်းထွန်းအောင်အမည်ဖြင့် အမှုတွဲအမှတ် ၁၈၈၈/V (၁၉၈၉-၁၉၉၀)အရ ၃၀-၆-၁၉၉၅ ရက်အထိ (၅)နှစ်မြေငှားဂရန်ရရှိထားသူထံမှ ဦးအောင်ကျော်က ၈-၈-၂၀၀၆ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်ဖြင့်လည်းကောင်း၊ ဦးအောင်ကျော်ထံမှ ဒေါ်မိုးမိုးဝါက ၇-၃-၂၀၀၈ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်မိုးမိုးဝါထံမှ ဦးစိုးအောင်ထက်က ၃၀-၃-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်ဖြင့်လည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ပါကြောင်း၊ အိမ်ခြံမြေကွက်၏ဂရန်မူရင်းသည် မူလပိုင်ရှင်ထံမှ အိမ်ခြံမြေဝယ်ယူစဉ်ကတည်းက မပါရှိဘဲ ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် ဦးစိုးအောင်ထက် ၁/ဗမန(နိုင်)၀၆၆၆၃၄ မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်ထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

# သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပေါင်း အမေရိကန်ဒေါ်လာ ၁၄၉၁ ဒသမ ၉၀ သန်းရှိ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၈) တက်ရောက်အမှာစကားပြော





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၈) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်းနှင့် ဒေါက်တာလဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးအောင်ထူးနှင့် ဦးကျော်လင်း၊ အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ ယနေ့ကျင်းပသည့် အစည်းအဝေးသည် တတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခု အစည်းအဝေး မကျင်းပမီကာလများတွင်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာမျက်နှာ ၈ ကော်လံ ၁ ◆

## စစ်တောင်း၊ သံလွင်နှင့် ချင်းတွင်းမြစ်တို့၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာ ယူ-၁၆ အသင်း ခုနစ်ဂိုးပြတ် အနိုင်ရ



ဖိလစ်ပိုင်အသင်းဘက်သို့ မြန်မာ ယူ-၁၆ အသင်း ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ -MFF

**ဂျကာတာ ဩဂုတ် ၂**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(က) တတိယနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းက ဖိလစ်ပိုင် ယူ-၁၆ အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် အုပ်စု ဒုတိယပွဲတွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းကို အရေးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့် မျှော်လင့်ချက်အတွက် လက်ကျန်ပွဲများတွင် အမှားမခံ စာမျက်နှာ ၈ ကော်လံ ၅ ✪


